ကြေးမုံ
The Mirror

၁၃၆၆ ခုနှစ်၊ ပြာသိုလဆန်း ၁၃ ရက်၊ စနေနေ့၊ (22-1-2005) (၄၄၈၆)

ထူးခြားသည့် ညအပူချိန်များ

၂၁-၁-၂၀၀၅

ဟားခါးမြို့	-၂ ဒီဂရီစင်တီဂရိတ်
နမ့်ဆန်မြို့	၃ ဒီဂရီစင်တီဂရိတ်
ပြင်ဦးလွင်မြို့နှင့် လွိုင်လင်မြို့	၄ ဒီဂရီစင်တီဂရိတ်

ဝန်ကြီး ဗိုလ်ချုပ်ဌေးဦး မမြရေလှောင်တမံ စီမံကိန်းလုပ်ငန်းစစ်ဆေး အောင်မြင်ဖြစ်ထွန်းနေသော နွေစပါးနှင့် ပဲမျိုးစုံစိုက်ပျိုးမှု ကြည့်ရှု

ရန်ကုန် ဇန်နဝါရီ ၂၁

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ဌေးဦးသည် ဇန်နဝါရီ ၁၆ရက် မွန်းလွဲပိုင်းတွင် ဧရာဝတီတိုင်း မြန်အောင်မြို့နယ် မျှင်ဝါးတောင်ဒေသ၌ တည်ဆောက်နေသည့် မမြရေလှောင်တမံ စီမံကိန်းလုပ်ငန်းများကို သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် စီမံကိန်းရှင်းလင်းဆောင်၌ ဆည်မြောင်းဦးစီးဌာန တည်ဆောက်ရေး(၉) ဒုတိယညွှန်ကြားရေးမှူး ဦးကျော်မြင့်လှိုင်က စီမံကိန်းလုပ်ငန်းများနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြရာ ဝန်ကြီးက လုပ်ငန်းဇယားအတိုင်း အချိန်မီပြီးစီးအောင် ဆောင်ရွက်ရေး၊ စက်သုံးဆီလေလွင့်မှု မရှိအောင် ခြိုးခြံချွေတာရေးတို့ကို မှာကြားသည်။

သီးထပ်စိုက်နိုင်

မမြရေလှောင်တမံ စီမံကိန်းပြီးစီးပါက စိုက်ပျိုးမြေဧက ၁၀၀၀၀ကို ဆည်ရေပေး၍ သီးထပ်သီးနှံ စိုက်ပျိုးနိုင်မည်ဖြစ်သည်။

ဆက်လက်၍ ဝန်ကြီးသည် နန်ကသူရေလှောင်တမံ ဆည်ရေသောက်ဧရိယာ ကွင်းကောက်ဒေသ၌ နွေစပါးဧက ၆၂၀၀ စိုက်ပျိုးဖြစ်ထွန်းမှုကို ကြည့်ရှုစစ်ဆေးရာ ဆည်မြောင်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကျော်စန်ဝင်း၊ ဟသ်ာတခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးမောင်ပြုံးနှင့် မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း ဧရာဝတီတိုင်း မန်နေဂျာ ဦးလှမျိုးတို့က ရှင်းလင်းပြသကြသည်။

ယင်းနောက် ဝန်ကြီးသည် အင်္ဂပူမြို့နယ် ရေနက်ကွင်းလယ်ယာမြေဖော်ထုတ်ရေးစီမံကိန်းဒေသရှိ နွေစပါးဧက ၄၀၀ နှင့် နွေသီးနှံစိုက်ပျိုးရန် ပြုလုပ်ထားသည့် လမ်းဖြစ်၊ တာဖြစ် တာတမံငယ်ကိုလည်းကောင်း၊ အင်္ဂပူမြို့နယ်အတွင်း အောင်မြင်ဖြစ်ထွန်းနေသော နွေစပါးနှင့် ပဲမျိုးစုံစိုက်ပျိုးမှုများကိုလည်းကောင်း **စာမျက်နှာ ၃ ကော်လံ ၆ သို့** ❀

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ဌေးဦး ဧရာဝတီတိုင်း မြန်အောင်မြို့နယ် မမြရေလှောင်တမံ၏ ရေထိန်းမျှော်စင် ပြီးစီးမှုအခြေအနေကို ကြည့်ရှုစစ်ဆေးစဉ်။

(လယ်ယာ/ဆည်မြောင်း)

(၁၄)ကြိမ်မြောက် တပ်မတော်(ကြည်း၊ရေ၊လေ)စစ်တီးဝိုင်းပြိုင်ပွဲ ဆက်လက်ကျင်းပ

ရန်ကုန် ဇန်နဝါရီ ၂၁

၂၀၀၅ခုနှစ် နှစ်(၆၀)ပြည့် တပ်မတော်နေ့အထိမ်းအမှတ် (၁၄)ကြိမ်မြောက် တပ်မတော်(ကြည်း၊ ရေ၊ လေ) စစ်တီးဝိုင်းပြိုင်ပွဲကို ယနေ့နံနက် ၇နာရီတွင် ရန်ကုန်မြို့ ပြည်လမ်းရှိ ပြည်သူ့ရင်ပြင်၌ကျင်းပရာ ပြိုင်ပွဲများမစတင်မီ တာမွေမြို့နယ် အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်းနှင့် သာကေတမြို့နယ် အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်းတို့မှ ကျောင်းသား၊ ကျောင်းသူလေးများပါဝင်သော ဘင်ခရာအဖွဲ့များက စစ်ချီတေးများ၊ အလှသရုပ်ဖော်ပြကွက်များဖြင့် စွမ်းရည်ပြ ဂုဏ်ပြုဖျော်ဖြေကြသည်။

ယှဉ်ပြိုင်

ထို့နောက် တပ်မတော်(ကြည်း၊ရေ၊လေ) စစ်တီးဝိုင်းပြိုင်ပွဲများကို ဆက်လက်ကျင်းပရာ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ်ကိုယ်စားပြု စစ်တီးဝိုင်းတပ်ခွဲ(၁)၊ အမှတ်(၂) အရာခံအကြပ်ကြီးသင်ကျောင်းကိုယ်စားပြု စစ်တီးဝိုင်း၊ အနောက်ပိုင်းတိုင်းစစ်ဌာနချုပ်ကိုယ်စားပြု စစ်တီးဝိုင်းတပ်ခွဲ(၃)၊ အမှတ်(၈) စစ်အခြေခံလေ့ကျင့်ရေးတပ်ကိုယ်စားပြု စစ်တီးဝိုင်း၊ အမှတ်(၇၇) ခြေမြန်တပ်မဌာနချုပ်ကိုယ်စားပြု စစ်တီးဝိုင်းနှင့် အမှတ်(၁) စစ်အခြေခံ လေ့ကျင့်ရေးတပ်ကိုယ်စားပြု စစ်တီးဝိုင်းများ ယှဉ်ပြိုင်ကြသည်။

ထိုသို့ယှဉ်ပြိုင်ရာတွင် အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ်ကိုယ်စားပြု စစ်တီးဝိုင်းတပ်ခွဲ(၁)က ရဲသွေးရဲမာန်၊ ဒို့စစ်သည်၊ မျိုးမြန်မာပြည်ရွာ စစ်ချီတေးများဖြင့်လည်းကောင်း၊ အမှတ်(၂) အရာခံအကြပ်ကြီးသင်ကျောင်းကိုယ်စားပြု စစ်တီးဝိုင်းက ရဲသွေးရဲမာန်၊ ဒို့စစ်သည်၊ စံပြဒို့တပ်မတော် စစ်ချီတေးများဖြင့်လည်းကောင်း၊ အနောက်ပိုင်းတိုင်းစစ်ဌာနချုပ်ကိုယ်စားပြု စစ်တီးဝိုင်း တပ်ခွဲ(၃)က ဒို့စစ်သည်၊ ရဲသွေးရဲမာန်၊ ဗမာဒို့ရဲ့တပ်မတော် စစ်ချီတေးများဖြင့်လည်းကောင်း၊ အမှတ်(၈) စစ်အခြေခံလေ့ကျင့်ရေးတပ်ကိုယ်စားပြု စစ်တီးဝိုင်းက ပြည်သူ့သားကောင်း၊ ရဲသွေးရဲမာန်၊ ဒို့စစ်သည် စစ်ချီတေးများဖြင့်လည်းကောင်း၊ အမှတ်(၇၇) ခြေမြန်တပ်မဌာနချုပ်ကိုယ်စားပြု စစ်တီးဝိုင်းက မျိုးချစ်ဇာနည်၊ ကျန်ရှိသေးသော တာဝန်တစ်ရပ်၊ အောင်လံလွှင့်မယ့် ဒို့တပ်မတော် စစ်ချီတေးများဖြင့်လည်းကောင်း၊ အမှတ်(၁) စစ်အခြေခံလေ့ကျင့်ရေးတပ် **စာမျက်နှာ ၃ ကော်လံ ၁ သို့** ✡

နိုင်ငံရေး ဦးတည်ချက် (၄)ရပ်

* နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* **အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး**
* ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* **ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုး**တိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက် (၄)ရပ်

* စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* **ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး**
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ **စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး**
* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှု စွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက် (၄)ရပ်

* တစ်မျိုးသားလုံး၏စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
* အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ **အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး**
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ပေါ်ပေါက်ရေးသည် မြန်မာနိုင်ငံသားအားလုံး၏ တာဝန်ဖြစ်သည်။

ကြေးမုံ The Mirror

၂၂-၁-၂၀၀၅ (စနေနေ့)

လမ်းနှင့်တံတားသစ်များ တိုးမြှင့်တည်ဆောက်နိုင်မှု ပြည်သူများ၏ လူမှုစီးပွား ဖွံ့ဖြိုးတိုးတက်ရေး ပိုမိုအကျိုးပြု

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီသည် ပြည်ထောင်စုကြီးတစ်ရပ်လုံး အကြားအလပ်မရှိ ဟန်ချက်ညီညီ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် ဘက်စုံကဏ္ဍစုံက ကြိုးပမ်းအကောင်အထည်ဖော်လျက်ရှိရာတွင် ဒေသဖွံ့ဖြိုးတိုးတက်ရေးနှင့် တိုင်းရင်းသားပြည်သူများ၏ လူနေမှုဘဝ မြင့်မားလာရေးတို့အတွက် အခြေခံအဆောက်အအုံများစွာကို တည်ဆောက်ပေးလျက်ရှိသည်။

နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေက **တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ရေးအတွက် လမ်းပန်းဆက်သွယ်မှုသည် အဓိကကျပြီး လွယ်လင့်တကူ သွားလာနိုင်မှသာလျှင် စီးပွားရေး၊ လူမှုရေးများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ကြောင်း၊ လမ်းပန်းဆက်သွယ်မှု ခက်ခဲခြင်းကြောင့် ဒေသတစ်ခုနှင့်တစ်ခု ရင်းနှီးမှုနည်းပါးခြင်း၊ တိုးတက်မှုကွာဟခြင်း မဖြစ်စေလိုသည့်အတွက် လမ်း၊ တံတားများကို တည်ဆောက်ပေးနေရခြင်းဖြစ်ကြောင်း** လမ်းညွှန်မိန့်ကြားထားသည်။

နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ချက်နှင့်အညီ ပြည်ထောင်စုတစ်ဝန်း လမ်းပန်းဆက်သွယ်ရေး တိုးတက်ကောင်းမွန်စေရန် စီမံဆောင်ရွက်လျက်ရှိသည်။ နယ်မြေဒေသအလိုက် လိုအပ်ချက်နှင့်အညီ လမ်းသစ်များ တိုးချဲ့ဖောက်လုပ်ခြင်း၊ လမ်းများ အဆင့်မြှင့်တင်ခြင်း၊ လမ်းများနှင့်အတူ တံတားသစ်များစွာတို့ကိုလည်း တည်ဆောက်ပေးလျက်ရှိသည်။

ကချင်ပြည်နယ် ဗန်းမော်ခရိုင် ရွှေကူမြို့နယ်တွင် ဆောက်လုပ်ရေးဝန်ကြီးဌာနက တာဝန်ယူတည်ဆောက်ခဲ့သည့် စင်းခန်းတံတားကို ဇန်နဝါရီလ ၁၃ ရက်နေ့က အောင်မြင်စွာ ဖွင့်လှစ်နိုင်ခဲ့သည်။ အဆိုပါတံတားသည် ဆောက်လုပ်ရေးဝန်ကြီးဌာနက ၁၉၈၈ ခုနှစ်နောက်ပိုင်း ဖွင့်လှစ်ခဲ့သည့် ပေ ၁၈၀ နှင့်အထက် တံတားကြီးများအနက် ၁၇၈ စင်းမြောက်တံတားဖြစ်သကဲ့သို့ ကချင်ပြည်နယ်အတွင်း ဖွင့်လှစ်ခဲ့သည့် ၁၂ စင်းမြောက် တံတားလည်းဖြစ်သည်။

စင်းခန်းတံတားသည် မန္တလေး-တကောင်း-ဗန်းမော်-မြစ်ကြီးနားလမ်းပေါ်တွင်တည်ရှိပြီး ဘိုးပိုင်အုတ်မြစ်ပေါ်တွင် တည်ဆောက်ထားသည့် သံကူကွန်ကရစ်တံတားအမျိုးအစားဖြစ်သည်။ ယာဉ်သွားလမ်းအကျယ် ၂၈ ပေရှိပြီး တံတားအရှည်မှာ ပေ ၄၆၀ ဖြစ်သည်။

ယခင်က မန္တလေးမှမြစ်ကြီးနားသို့သွားလျှင် ဧရာဝတီမြစ် အနောက်ဘက်ကမ်းရှိ မိုင် ၃၅၀ ရှည်သည့် မန္တလေး-ရွှေဘို-မြစ်ကြီးနားလမ်းမှလည်းကောင်း၊ ဧရာဝတီမြစ်အရှေ့ဘက်ကမ်းမှသွားလျှင် မန္တလေး-မိုးကုတ်-မိုးမိတ်-မဘိမ်း-မံစီ-ဗန်းမော်၃၀၂ မိုင်လမ်းနှင့် ၁၁၅ မိုင်ရှည် ဗန်းမော်-မြစ်ကြီးနားလမ်း စုစုပေါင်း၄၁၇ မိုင်ရှည်သည့် လမ်းတို့မှလည်းကောင်း သွားလာခဲ့ကြရသည်။

ယခုဖောက်လုပ်ပြီးစီးခဲ့သည့် မန္တလေး-မြစ်ကြီးနားလမ်းမှာ ၃၇၅ မိုင်ခန့်သာရှိသဖြင့် မိုင် ၄၀ ခန့်ခရီးအကွာအဝေး သက်သာသွားခဲ့ရသည်။ ယခုတစ်ဖန် အဆိုပါလမ်းမကြီးပေါ်ရှိ စင်းခန်းတံတားကြီးကို ဖွင့်လှစ်ပေးလိုက်သည့်အတွက် ရွှေကူ-ဗန်းမော်လမ်းကြောင်းသာမက မန္တလေး-တကောင်း-ဗန်းမော်-မြစ်ကြီးနားလမ်းအဖြစ် ဧရာဝတီမြစ်အရှေ့ဘက်ကမ်းတွင် ပြည်ထောင်စုလမ်းမကြီးအသစ်တစ်ခု အထင်အရှားဖြစ်ပေါ်လာခဲ့ပြီဖြစ်သည်။

နိုင်ငံတော်က တည်ဆောက်ဖောက်လုပ်ပေးထားသည့် လမ်းသစ်၊ တံတားသစ်ကြီးများကိုအသုံးပြု၍ တိုင်းရင်းသားပြည်သူများ လွယ်လင့်တကူ ကူးသန်းဆက်သွယ် သွားလာနိုင်ကြပြီဖြစ်သည်။ လမ်းပန်းဆက်သွယ်မှု လုံခြုံချောမွေ့ မြန်ဆန်လာသည်နှင့်အမျှ ဒေသတွင်းစီးပွားရေးဖွံ့ဖြိုးတိုးတက်ပြီး တိုင်းရင်းသားအချင်းချင်း ဆက်သွယ်မှု၊ ချစ်ကြည်ရင်းနှီးမှုများ ပိုမိုရရှိလာမည်ဖြစ်သည်။

သို့ဖြစ်ရာ နိုင်ငံတော်အစိုးရက ပြည်ထောင်စုတစ်ဝန်း လမ်းနှင့်တံတားများကို ကွန်ရက်သဖွယ် တိုးမြှင့်တည်ဆောက် ဖောက်လုပ်ပေးလျက်ရှိရာ ဒေသအလိုက် ပြည်သူများ၏ လူမှုရေး၊ စီးပွားရေးနှင့် ဒေသဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် ပိုမိုအကျိုးပြုလာနိုင်မည်ဟု ကြေးမုံက ယုံကြည်ပါသည်။ ။

ပြည်သူ့သဘောထား

- ★ ပြည်ပအားကိုးပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- ★ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့်နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- ★ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ★ ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

၂၀၀၅ခုနှစ် (၅၈)နှစ်မြောက် ပြည်ထောင်စုနေ့ အမျိုးသားရေး ဦးတည်ချက်များ

☆ ပြည်ထောင်စု မပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေးနှင့် အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးဟူသော အမျိုးသားရေးမူဝါဒကို ပြည်ထောင်စုတိုင်းရင်းသားအားလုံး စောင့်ထိန်းကာကွယ်ရေး၊

☆ တိုင်းရင်းသားပြည်သူများအတွင်း ပြည်ထောင်စုစိတ်ဓာတ် ထာဝစဉ် ရှင်သန်ထွန်းကားရေး၊

☆ ပြည်ထောင်စုကြီး ထာဝရတည်တံ့ခိုင်မြဲရေးအတွက် တိုင်းရင်းသားအားလုံးက တက်ညီလက်ညီ ကာကွယ်ထိန်းသိမ်းရေး၊

☆ နိုင်ငံတော်တည်ငြိမ်အေးချမ်းမှုနှင့် ခေတ်မီဖွံ့ဖြိုးတိုးတက်မှုတို့အား နှောင့်ယှက်ဖျက်ဆီးသည့် ပြည်တွင်း၊ ပြည်ပ အဖျက်သမားများ၏ အန္တရာယ်ကို တိုင်းရင်းသားစည်းလုံးညီညွတ်မှုဖြင့် ကာကွယ်တားဆီးရေး၊

☆ နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ် အောင်မြင်စွာ အကောင်အထည်ဖော်နိုင်ရေးအတွက် ပြည်ထောင်စုတိုင်းရင်းသားအားလုံး ဝိုင်းဝန်းကြိုးပမ်းရေး။

စစ်ကိုင်းတိုင်းဥက္ကဋ္ဌ၊ တိုင်းမှူး ဗိုလ်ချုပ်သာအေး ခန္တီးမြို့ မူလတန်းလွန်ကျောင်း ကျောင်းဆောင်သစ်ဖွင့်ပွဲတက်ရောက် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ လှည့်လည်စစ်ဆေး

ရန်ကုန် ဇန်နဝါရီ ၂၁

စစ်ကိုင်းတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ၊ အနောက်မြောက်တိုင်း စစ်ဌာနချုပ်တိုင်းမှူး **ဗိုလ်ချုပ်သာအေးသည် ဌာနဆိုင်ရာ တာဝန်ရှိသူများလိုက်ပါလျက် ဇန်နဝါရီ ၁၃ ရက် နံနက်ပိုင်းက ခန္တီးမြို့ ဓီးဖြူကုန်းရပ်ကွက် အမှတ်(၂)အခြေခံပညာ မူလတန်းလွန်ကျောင်း နှစ်ထပ်ကျောင်းဆောင်သစ်ဖွင့်ပွဲ လွှဲပြောင်းပေးအပ်ခြင်း အခမ်းအနားသို့ တက်ရောက်သည်။ ရှေးဦးစွာ မြို့နယ်ပညာရေးမှူး ဦးသက်မောင်နှင့် ကျောင်းအကျိုးတော်ဆောင်အဖွဲ့ဝင် ဦးရှင်ဘတို့က နှစ်ထပ်ကျောင်းဆောင်သစ်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။**

ထို့နောက် တိုင်းမှူးသည် ဧည့်သည်တော်များနှင့်အတူ ကျောင်းဆောင်သစ်ကို လှည့်လည် ကြည့်ရှုကြသည်။

လွှဲပြောင်းပေးအပ်

ယင်းနောက် အခမ်းအနားကို အဆိုပါကျောင်းဆောင်သစ်ခန်းမ၌ ဆက်လက်ကျင်းပရာ ရှေးဦးစွာ ကျောင်းအကျိုးတော်ဆောင်အဖွဲ့ဝင် ဦးကျော်ဇောက ကျောင်းဆောင်သစ်ဖြစ်ပေါ်လာမှုအခြေအနေများကိုရှင်းလင်းတင်ပြပြီးကျောင်းဆောင်သစ်နှင့် ပတ်သက်သော စာရွက်စာတမ်းများကို လွှဲပြောင်းပေးအပ်သည်။

ထို့နောက်တိုင်းမှူးက သင်ထောက်ကူ စာအုပ်များနှင့် ဗွီစီဒီခွေများ၊ ကျောင်းသုံးဗလာစာအုပ်နှင့် အားကစားပစ္စည်းများကို မြို့နယ်ပညာရေးမှူးသို့ ပေးအပ်လှူဒါန်းသည်။

ယင်းနောက်တိုင်းမှူးက ပညာရည်မြင့်မားရေးအတွက် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ကြရေး ရှင်းလင်းအမှာစကားပြောကြားပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

အဆိုပါနှစ်ထပ်ကျောင်းဆောင်သစ်မှာ အလျားပေ၄၀၊အနံ ၂၆ ပေရှိ ကွန်ကရစ်ခင်း၊ အုတ်ကာ၊သွပ်မိုး အမျိုးအစားဖြစ်ပြီး ဌာနဆိုင်ရာများနှင့် ဒေသခံပြည်သူများ စုပေါင်းလှူဒါန်းငွေ ၃၆၉၆၃၂၅ကျပ် အကုန်အကျခံ တည်ဆောက်ခဲ့ခြင်း ဖြစ်ကြောင်း သိရသည်။

ကျေးလက်ကျန်းမာရေး

ထိုမှတစ်ဆင့် တိုင်းမှူးသည် ခန္တီးမြို့နယ် ဆင်သေကျေးရွာ ကျေးလက်ကျန်းမာရေး အဆောက်အအုံဖွင့်ပွဲသို့ တက်ရောက်ရာ အစီအစဉ်အရကျေးရွာရပ်မိရပ်ဖ ဦးဘသန်းက ကျန်းမာရေးအဆောက်အအုံ ဖွင့်လှစ်ရခြင်းနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြပြီး ဒေသခံပြည်သူတစ်ဦးက ကျေးဇူးတင်စကားပြန်လည်ပြောကြားသည်။

ထို့နောက်မြို့နယ်ဆရာဝန်ဒေါက်တာဇော်သိန်းကျော်နှင့် ရပ်မိရပ်ဖတစ်ဦးတို့ကကျေးလက်ကျန်းမာရေးအဆောက်အအုံကို ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးသည်။ ထို့နောက် တိုင်းမှူးသည် တက်ရောက်လာကြသူများနှင့်အတူ ကျေးလက်ကျန်းမာရေး အဆောက်အအုံကို လှည့်လည်ကြည့်ရှု အားပေးသည်။

ယင်းနောက် တိုင်းမှူးသည် ဆင်သေတွဲဖက် အခြေခံပညာ အထက်တန်းကျောင်း ကျောင်းအုပ်ဆရာမကြီးအား ဗလာစာအုပ်နှင့် အားကစားပစ္စည်းများ ပေးအပ်လှူဒါန်းသည်။

စုပေါင်းဆောက်လုပ်

အဆိုပါ ကျေးလက်ကျန်းမာရေး အဆောက်အအုံမှာ အလျား ပေ ၃၀၊ အနံ ၁၈ပေရှိ ကွန်ကရစ်ခင်း၊ အုတ်ကာ၊ သွပ်မိုး အမျိုးအစားဖြစ်ပြီး ဌာဆိုင်ရာများနှင့် ဒေသခံပြည်သူများ စုပေါင်းဆောက်လုပ် လှူဒါန်းခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

ဆက်ကပ်လှူဒါန်း

ယင်းနောက် တိုင်းမှူးသည် ခန္တီး (ဆင်သေ)-လဟယ် ကားလမ်းပေါ်ရှိ ပင်လုံရွာသစ် ဘုန်းတော်ကြီးကျောင်းသို့ သွားရောက်၍ အဆိုပါကျောင်း ဆရာတော်အား လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းပြီးနောက် တိုင်းမှူးက တာဝန်ရှိသူများအား ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် လိုအပ်သည်များ မှာကြားဖြည့်ဆည်း ဆောင်ရွက်ပေးသည်။

ဆက်လက်၍ တိုင်းမှူးသည် ခန္တီး (ဆင်သေ)-လဟယ် ကားလမ်း(၁၇/၆)မိုင်ရှိ လုပ်ငန်းခွင် စခန်းသို့ရောက်ရှိရာ လမ်းဖောက်လုပ်ရေးတာဝန်ခံက လမ်းပိုင်းအလိုက် လမ်းဖောက်လုပ်ရေးလုပ်ငန်း ဆောင်ရွက်မှု အခြေအနေများကို ရှင်းလင်းတင်ပြပြီး တိုင်းမှူးက လုပ်ငန်းလိုအပ်ချက်များ မှာကြားသည်။

နန့်စလိန်တံတား

ထို့နောက် တိုင်းမှူးသည်(၂၄/၆)မိုင်ရှိ နန့်စလိန်တံတား တည်ဆောက်မည့် နေရာကိုရောက်ရှိ ကြည့်ရှုစစ်ဆေးရာ စီမံကိန်းတာဝန်ခံ လက်ထောက်အင်ဂျင်နီယာ ဦးဇော်လင်းမြက တံတားတည်ဆောက်ရန် မြေနေရာရွေးချယ်မှုနှင့် ဆက်လက်ဆောင်ရွက်မည့် အစီအစဉ်များကို ရှင်းလင်းတင်ပြပြီး တိုင်းမှူးက လုပ်ငန်းများ အချိန်မီပြီးစီးရေး လိုအပ်သည်များကို ကြိုတင်စီစဉ်ဆောင်ရွက်ရန် မှာကြားကာ နန့်စလိန်တံတား ဆောက်လုပ်ရန် လျာထားသည့်မြေနေရာကို ကြည့်ရှုစစ်ဆေးသည်။

(သတင်းစဉ်)

ဆောက်လုပ်ရေးဝန်ကြီးဌာန လုပ်ငန်းညှိနှိုင်း အစည်းအဝေးကျင်းပ

ရန်ကုန်　　ဇန်နဝါရီ　　၂၁

ဆောက်လုပ်ရေးဝန်ကြီးဌာန၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့မွန်းတည့် ၁၂နာရီတွင် ရန်ကုန်မြို့ ရွှေတိဂုံဘုရားလမ်းရှိ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း(ရုံးချုပ်) အစည်းအဝေးခန်းမဆောင်၌ကျင်းပရာ ဆောက်လုပ်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စောထွန်း၊ ဒုတိယဝန်ကြီးများဖြစ်ကြသော ဦးတင့်ဆွေနှင့် ဗိုလ်မှူးချုပ်မြင့်သိန်း၊ ဌာနဆိုင်ရာအကြီးအကဲများ၊ ပြည်နယ်နှင့်တိုင်းများမှ အင်ဂျင်နီယာမှူးကြီးများ၊ လမ်းတံတား၊ အဆောက်အအုံနှင့် လေယာဉ်ကွင်း စီမံကိန်းများမှ အင်ဂျင်နီယာမှူးကြီးများ၊ ဒုတိယအင်ဂျင်နီယာမှူးကြီးများ၊ အင်ဂျင်နီယာမှူးများနှင့် တာဝန်ခံအင်ဂျင်နီယာများ တက်ရောက်ကြသည်။

အမှာစကားပြောကြား

အစီအစဉ်အရ မြို့ရွာနှင့် အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဗိုလ်မှူးကြီးအောင်ဝင်းက လုပ်ငန်းများနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြပြီး ဝန်ကြီး ဗိုလ်ချုပ်စောထွန်းက လိုအပ်ချက်များကို ဖြည့်ဆည်းမှာကြားပြီး နိဂုံးချုပ် အမှာစကားပြောကြားကာ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကိုရုပ်သိမ်းလိုက်သည်။

ယင်းနောက် လှိုင်လင်-ပန်ကေတု-လဲချား-မိုင်းကိုင်လမ်း(လဲချား-မိုင်းကိုင်အပိုင်း) ပြုပြင်ဖောက်လုပ်ရေးလုပ်ငန်းအတွက် အလှူငွေကျပ်သိန်း ၅၀၀ ကို အိုလံပစ်ကုမ္ပဏီဥက္ကဋ္ဌ ဦးအိုက်ထွန်းက ပေးအပ်လှူဒါန်းရာ ဝန်ကြီး ဗိုလ်ချုပ်စောထွန်းက လက်ခံသည်။

ဂုဏ်ပြုဆုချီးမြှင့်

ဆက်လက်၍ ဝန်ကြီး ဗိုလ်ချုပ်စောထွန်းက ၂၀၀၃ခုနှစ် အမျိုးသားစာပေဆု(ကဗျာပေါင်းချုပ်)ဆုရ စလင်းဘုန်းကျော် ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းမှ ဒုတိယညွှန်ကြားရေးမှူး (အုပ်ချုပ်မှု) ဗိုလ်မှူးသန်းအေးအား ဂုဏ်ပြုဆုချီးမြှင့်သည်။

ယင်းနောက် (၃၇)ကြိမ်မြောက် ဌာနခွဲပေါင်းစုံ ပြေးခုန်ပစ်ပြိုင်ပွဲ တံခွန်စိုက်ဒိုင်းဆုများကို ဝန်ကြီးထံ ပြေးခုန်ပစ်ဆပ်ကော်မတီဥက္ကဋ္ဌက အပ်နှံသည်။

ဆက်လက်၍ ဝန်ကြီးက ပြည်ပနိုင်ငံများ၌ ဆုတံဆိပ်ရရှိခဲ့ကြသည့် အားကစားသမားများနှင့် ဝန်ထမ်းသားသမီးများမှ ၂၀၀၄ခုနှစ် တက္ကသိုလ်ဝင် စာမေးပွဲတွင် ဂုဏ်ထူး၄ါးဘာသာ ရရှိသူများအား ဂုဏ်ပြုဆုများ ပေးအပ်သည်။

ယင်းနောက် ဒုတိယဝန်ကြီး ဦးတင့်ဆွေက ရွှေတံဆိပ်ဆုရ အားကစားသမားများ၊ အကောင်းဆုံးနည်းပြဆုရရှိသူနှင့် ၂၀၀၄ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင်ဂုဏ်ထူး လေးဘာသာ ရရှိသူများအားလည်းကောင်း၊ ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်မြင့်သိန်းက ငွေတံဆိပ်ဆုရ အားကစားသမားများနှင့် ၂၀၀၄ခုနှစ် တက္ကသိုလ်ဝင် စာမေးပွဲတွင် ဂုဏ်ထူးသုံးဘာသာ ရရှိသူများအားလည်းကောင်း ဂုဏ်ပြုဆုများ ချီးမြှင့်ကြသည်။

ထို့နောက် ဆောက်လုပ်မှု စစ်ဆေးရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးစိုးတင့်က ကြေးတံဆိပ်ဆုရ အားကစားသမားများအားလည်းကောင်း၊ ပြည်သူ့ ဆောက်လုပ်ရေးလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးဟန်ဇော်နှင့် မြို့ရွာနှင့် အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဗိုလ်မှူးကြီးအောင်ဝင်းတို့က ပြည်နယ်နှင့်တိုင်းများမှ ၂၀၀၄ခုနှစ် တက္ကသိုလ်ဝင် စာမေးပွဲတွင် ဂုဏ်ထူးသုံးဘာသာ ရရှိသူများအားလည်းကောင်း ဂုဏ်ပြုဆုများ ချီးမြှင့်ကြသည်။

စာမေးပွဲတွင် ဂုဏ်ထူးသုံးဘာသာနှင့်အထက် ရရှိသူများအတွက် သက်ဆိုင်ရာ အင်ဂျင်နီယာမှူးကြီးများအား လည်းကောင်း ဂုဏ်ပြုဆုများ ပေးအပ်သည်။

(သတင်းစဉ်)

ဆောက်လုပ်ရေး ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စောထွန်းထံ (၃၇) ကြိမ်မြောက် ဌာနခွဲပေါင်းစုံပြေးခုန်ပစ်ပြိုင်ပွဲ တံခွန်စိုက်ဒိုင်းဆုကြီးကို ပြေးခုန်ပစ် ဆပ်ကော်မတီ ဥက္ကဋ္ဌ ဦးရဲမြင့်ဆွေက အပ်နှံစဉ်။ (ဆောက်လုပ်ရေး)

☆ (၁၄)ကြိမ်မြောက်မှ

ကိုယ်စားပြု စစ်တီးဝိုင်းက ထာဝစဉ်နှုတ်ပျို နေတဲ့ ဒို့တပ်မတော်၊ ရဲသွေးရဲမာန်၊ တူယှဉ်ကာတိုက်စို့ စစ်ချီတေးများဖြင့်လည်းကောင်းသရုပ်ဖော်ပြကွက်များဖြင့် တီးမှုတ်ယှဉ်ပြိုင်ကြသည်။

ပေးအပ်ချီးမြှင့်

ဆက်လက်၍ နှစ်(၆၀)ပြည့် တပ်မတော်နေ့ကျင်းပရေး ဦးစီးကော်မတီ အတွင်းရေးမှူး၊ (၁၄)ကြိမ်မြောက် တပ်မတော်(ကြည်း၊ရေ၊လေ) စစ်တီးဝိုင်းပြိုင်ပွဲ ကျင်းပရေးကော်မတီအဖွဲ့ဝင် ဒုတိယစစ်ရေးချုပ် ဗိုလ်မှူးကြီးခင်စိုးက အလှုသရုပ်ပြဖျော်ဖြေကြသည့် တာမွေမြို့နယ် အမှတ်(၁) အခြေခံပညာ အထက်တန်းကျောင်းနှင့် သာကေတမြို့နယ် အမှတ်(၂) အခြေခံပညာ အထက်တန်းကျောင်းတို့မှ ဘင်ခရာအဖွဲ့များကိုယ်စား အဖွဲ့ခေါင်းဆောင်တို့အား ဂုဏ်ပြုဆုငွေများ ပေးအပ်ချီးမြှင့်သည်။

ယနေ့ကျင်းပသည့်(၁၄)ကြိမ်မြောက် တပ်မတော် (ကြည်း၊ ရေ၊ လေ)စစ်တီးဝိုင်းပြိုင်ပွဲသို့ တပ်မတော်အရာရှိကြီးများ၊ အမှတ်ပေး အကဲဖြတ်အဖွဲ့များ၊ ဖိတ်ကြားထားသူများ၊ တပ်မတော် (ကြည်း၊ ရေ၊ လေ) အရာရှိ စစ်သည်များနှင့် မိသားစုဝင်များ၊ ကျောင်းသား၊ ကျောင်းသူများ တက်ရောက်ကြသည်။

(သတင်းစဉ်)

၂၀၀၅ခုနှစ် နှစ်(၆၀)ပြည့် တပ်မတော်နေ့အထိမ်းအမှတ် (၁၄) ကြိမ်မြောက် တပ်မတော်(ကြည်း၊ ရေ၊ လေ) စစ်တီးဝိုင်းပြိုင်ပွဲတွင် ပြိုင်ပွဲဝင်အသင်းများ၏ ယှဉ်ပြိုင်မှုကို တွေ့ရစဉ်။ (ထ-ပ-ဆ)

မြို့နယ် စည်ပင်သာယာရေး အဖွဲ့များ မြို့ပြနှင့် ကျေးလက်လမ်းလုပ်ငန်းများ ဆောင်ရွက်

ရန်ကုန် ဇန်နဝါရီ ၂၁

နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန စည်ပင်သာယာရေးဦးစီးဌာန ပဲခူးတိုင်း (အရှေ့ပိုင်း) စည်ပင်သာယာရေးအဖွဲ့၏ ကြီးကြပ်မှုအောက်ရှိ တောင်ငူမြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ ၂၀၀၄-၂၀၀၅ခု ဘဏ္ဍာရေးနှစ်အတွင်း မြို့ပြနှင့် ကျေးလက်လမ်း လုပ်ငန်းများဖြစ်သည့် အရှည်ပေ ၈၁၀၊ အကျယ် ၁၂ပေရှိ တပင်ရွှေထီးလမ်း ကတ္တရာထပ်ပိုးလွှာခင်းခြင်း၊ အရှည် ၆၇၅ ပေ၊ အကျယ် ၁၂ပေရှိ ဦးကာလမ်း ကတ္တရာထပ်ပိုးလွှာခင်းခြင်း၊ အရှည်ပေ ၉၅၀၊ အကျယ် ၁၂ပေရှိ ပန်းချီတံခါးလမ်း ကတ္တရာထပ်ပိုးလွှာခင်းခြင်းနှင့် အရှည်ပေ ၃၂၀၊ အကျယ် ၁၂ပေရှိ ရိပ်သာလမ်း ကတ္တရာထပ်ပိုးလွှာခင်းခြင်း လုပ်ငန်းများကို ယမန်နေ့က ဆောင်ရွက်ကြသည်။

ရေတာရှည်

ရေတာရှည်မြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ အရှည်ပေ ၁၈၀၀၊ အကျယ် ၁၀ ပေရှိ အောင်မြန်မာလမ်း ကတ္တရာခင်းခြင်းလုပ်ငန်း၊ အရှည်ပေ ၆၄၀၊ အကျယ် ၁၀ပေရှိ အောင်ဇေယျလမ်း ကတ္တရာခင်းခြင်း၊ အရှည်ပေ ၁၂၀၀၊ အကျယ် ၁၀ပေရှိ မြို့ဦးလမ်း ကတ္တရာခင်းခြင်း၊ အရှည်ပေ ၄၈၀၊ အကျယ် ၁၀ ပေရှိ ကန်သာလမ်း ကတ္တရာခင်းခြင်း၊ အရှည်ပေ ၁၈၀၀၊ အကျယ် ၁၀ ပေရှိ ရှင်စောပုလမ်း ကတ္တရာခင်းခြင်းတို့ကို ယမန်နေ့က ဆောင်ရွက်ကြသည်။

မြစ်သား

မန္တလေးတိုင်း စည်ပင်သာယာရေးအဖွဲ့၏ ကြီးကြပ်မှုဖြင့် မြစ်သားမြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ အရှည် ၁၆၇၂ပေ၊ အကျယ် ၁၂ပေရှိ ဆင်းသီရိလမ်း ကတ္တရာထပ်ပိုးလွှာခင်းခြင်းလုပ်ငန်း၊ အရှည်ပေ ၂၂၀ အကျယ် ၁၄ ပေရှိ မင်းကုန်းဘုန်းကြီးကျောင်းလမ်း ကတ္တရာထပ်ပိုးလွှာခင်းခြင်း၊ အရှည်ပေ ၄၀၀၊ အကျယ် ၁၂ပေရှိ ရွာပုန်းလမ်း ကတ္တရာထပ်ပိုးလွှာခင်းခြင်းနှင့် အရှည်ပေ ၅၀၀၊ အကျယ် ၁၂ ပေရှိ ကုံကော်လမ်းကတ္တရာ ထပ်ပိုးလွှာခင်းခြင်းလုပ်ငန်းများကို ယမန်နေ့က ဆောင်ရွက်ကြသည်။

ကသာ

စစ်ကိုင်းတိုင်း စည်ပင်သာယာရေးအဖွဲ့၏ ကြီးကြပ်မှုဖြင့် ကသာမြို့နယ် စည်ပင်သာယာရေးအဖွဲ့က အရှည်ပေ ၄၅၀၊ အကျယ် ၁၂ပေရှိ မီးရထားရိပ်သာလမ်း ကတ္တရာခင်းခြင်းလုပ်ငန်း၊ အရှည်ပေ ၁၀၁၀၊ အကျယ်ပေ ၂၀ ရှိ ကုန်သည်လမ်း ရေပိတ်ကတ္တရာလောင်းခြင်းလုပ်ငန်း၊ အရှည် ၂၂မိုင် ၇ဖာလုံ၊ အကျယ် ၁၂ပေရှိ ကသာ-လေ့ဘိုလမ်း ဂျင်းကျောက်ခင်းခြင်း၊ အရှည် ၉မိုင် ၂ဖာလုံ၊ အကျယ် ၁၂ပေရှိ အင်းဒရန့်-ငါးအိုးလမ်း ဂျင်းကျောက်ခင်းခြင်းလုပ်ငန်းများကို ဆောင်ရွက်ကြသည်။

ရမည်းသင်း

ရမည်းသင်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့သည် ၂၀၀၄-၂၀၀၅ခု ဘဏ္ဍာရေးနှစ်တွင် နိုင်ငံတော် ထောက်ပံ့ငွေဖြင့် မြို့ပေါ် ငါးရပ်ကွက်အတွင်းရှိ အိမ်ခြေ ၃၅၄၈အိမ်၊ လူဦးရေ ၁၈၅၇၈ဦးတို့အား ယမန်နေ့က သန့်ရှင်းသော သောက်သုံးရေ ဖူလုံစွာရရှိစေရေးအတွက် ဥသျှစ်ကုန်းကျေးရွာအနီး ရှစ်လက်မ စက်ရေတွင်းသုံးတွင်းအား အနက်ပေ ၁၀၀၀ အထိ တူးဖော်၍ လက်ရှိပေးဝေနေသော ရေပေးရေးလုပ်ငန်းကို တိုးချဲ့ဆောင်ရွက်သွားမည် ဖြစ်သည်။

အဆိုပါ ရှစ်လက်မ စက်ရေတွင်းသုံးတွင်း တူးဖော်ပြီးစီးပါက လက်ရှိမြို့ရေပေးရေးတွင် အသုံးပြုနေသော ရေဂါလန် ၁၂၀၀၀၀ဆံ့ မြေအောက်ကန်သို့ ရှစ်လက်မပိုက်များ သွယ်တန်းပေးပို့ပြီး ရေဂါလန် ၆၀၀၀၀ ဆံ့ စင်မြင့်ကန်နှစ်ကန်ပေါ်သို့ တင်ပို့၍ မြို့ပေါ်ရပ်ကွက်များသို့ တိုးချဲ့ပေးဝေသွားမည်ဖြစ်သည်။ (သတင်းစဉ်)

❀ ရှေ့ဖုံးမှ

ကြည့်ရှုစစ်ဆေးသည်။ အဆိုပါ တာတမံငယ်ပြုလုပ်ခြင်းဖြင့် ဧက ၂၀၀၀ သီးနှံစိုက်ပျိုးနိုင်မည်ဖြစ်ကြောင်း သိရှိရသည်။

ထို့နောက် ဝန်ကြီးသည် ဟသ်ာတမြို့နယ် မြို့ကွင်း လျှပ်စစ်မြစ်ရေတင်စီမံကိန်းသို့ ရောက်ရှိရာ ရှင်းလင်းဆောင်၌ ရေအရင်းအမြစ်အသုံးချရေးဦးစီးဌာန တိုင်းဦးစီးမှူး ဦးဌေးလွင်နှင့် စီမံကိန်းတာဝန်ခံ ဦးတင်မောင်ဦးတို့က မြို့ပြ တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်မှု၊ လျှပ်စစ်တပ်ဆင်ရေးလုပ်ငန်း ညှိနှိုင်းမှုများကို ရှင်းလင်းတင်ပြကြသည်။

ဆက်လက်၍ ဝန်ကြီးသည် မြို့ကွင်းလျှပ်စစ်မြစ်ရေတင်ရေသောက် ဧရိယာရှိ ရေတင်အဆင့်နှစ်ဆင့်ဖြင့် ငဝန်မြစ်မှ ရေပေးမည့် ရေသွယ်မြောင်းများနှင့် ဆက်စပ်ဧရိယာရှိ ကျေးရွာအုပ်စုများ၏ သီးနှံပုံစံ စိုက်ပျိုးမှုတို့ကို ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့်ဆွေးနွေးပြီး ယခင်က တစ်နှစ် နှစ်သီးစိုက်ပျိုးခဲ့ရာမှ မြစ်ရေတင်စီမံကိန်းဖြင့် တစ်နှစ်သုံးသီး စိုက်ပျိုးလာနိုင်မည်ဖြစ်၍ ဒေသနှင့်ကိုက်ညီသော သီးနှံပုံစံချမှတ်ပေးရေး၊ တောင်သူလယ်သမားများ စီးပွားဖွံ့ဖြိုးတိုးတက်စေရန် ဌာနဆိုင်ရာများက ဝိုင်းဝန်းပံ့ပိုးကူညီရေးတို့ကို မှာကြားသည်။

ထို့နောက် ဝန်ကြီးသည် ရေသွယ်မြောင်းအတွင်းပိုင်း နံရံ၌ကပ်မည့် ပိုဇိုလန်ကျောက်ပြား နမူနာများနှင့် ပြီးစီးနေသော ပင်မရေမြောင်း၊ တူးမြောင်းများကိုလည်းကောင်း၊ ဖြစ်ထွန်းအောင်မြင်လျက်ရှိသော ပဲစိုက်ခင်းများကိုလည်းကောင်း ကြည့်ရှုစစ်ဆေးသည်။ (သတင်းစဉ်)

ချင်းတွင်းအသင်း နှစ်ပတ်လည်အစည်းအဝေးကျင်းပမည်

ရန်ကုန်　　ဇန်နဝါရီ　　၂၁

ချင်းတွင်းအသင်း(ရန်ကုန်)၏ နှစ်ပတ်လည်အစည်းအဝေး၊ သက်ကြီးပူဇော်ပွဲ၊ ပညာရည်ချွန်ဆုချီးမြှင့်ပွဲကို ဖေဖော်ဝါရီ ၁၉ရက်(စနေနေ့) နံနက် ၉နာရီတွင် ရန်ကုန်မြို့ စမ်းချောင်းမြို့နယ် ပြည်လမ်း ကျောင်းလမ်းရှိ မြန်မာနိုင်ငံ ဗုဒ္ဓဂယာဘုန်းတော်ကြီးကျောင်းတွင် ကျင်းပမည်ဖြစ်သည်။ ချင်းတွင်းအသင်း မိသားစုများ တက်ရောက်ကြရန်နှင့် အသက်(၈၀)နှင့်အထက် သက်ကြီးအသင်းဝင်များ၊ ၂၀၀၄ခုနှစ် မတ်လတွင် ကျင်းပခဲ့သော တက္ကသိုလ်ဝင်တန်းစာမေးပွဲ၌ နှစ်ဘာသာနှင့်အထက် ဂုဏ်ထူးဖြင့်အောင်မြင်သူ ရန်ကုန်ရှိ အသင်းဝင်များ၏ သားသမီးများ အမည်စာရင်း၊ သက်ကြီးအသင်းဝင်များ၏ အမည်စာရင်းကို ဖေဖော်ဝါရီ ၅ရက် နောက်ဆုံးထား၍ ဦးဇော်ဝင်း ဖုန်း-၂၅၂၀၄၄၊ ဦးလှမြိုင် ဖုန်း-၅၃၄၁၆၄၊ ဗိုလ်မှူးကြီး ပီကျော်ဟန်(ငြိမ်း) ဖုန်း-၅၇၈၂၉၁၊ ဒေါ်စန်းစန်း ဖုန်း-၅၄၉၄၁၂၊ ဦးဝင်းငွေ ဖုန်း-၅၂၄၃၈၅ နှင့် အသင်းတိုက် ဒဂုံမြို့နယ် ယောမင်းကြီးလမ်းသွယ် ခြံအမှတ်(၂၇) အခန်းအမှတ်-(၅၇) တို့သို့ ဆက်သွယ်နိုင်ကြသည်။ (က-ပ)

ဇန်နဝါရီ ၉ရက်က မိတ္ထီလာမြို့နယ် စည်ပင်သာယာရေးအဖွဲ့ပိုင် ဈေးကြီး၊ ဗဟိုဈေး၊ ပိတောက်မြိုင် ဈေးများအတွင်း၌ နွေရာသီ မီးဘေးကြိုတင် ကာကွယ်ရေးအတွက် အမှုဆောင်အရာရှိဦးဝင်းမင်းသန့်၊ လက်ထောက် ညွှန်ကြားရေးမှူး ဦးပြည်စိုးတို့၏ ကြီးကြပ်မှုဖြင့် ဈေးအရန်မီးသတ် တပ်ဖွဲ့ဝင်များ၊ ဝန်ထမ်းများ သရုပ်ပြ ဇာတ်တိုက်လေ့ကျင့်စဉ်။ (မြို့နယ်စည်ပင်)

ရုရှားနိုင်ငံ၏ ပြည်ပကုန်သွယ်ရေး ၂၀၀၄ ခုနှစ်တွင်တိုးတက်

မော်စကို ဇန်နဝါရီ ၁၉

ရုရှားနိုင်ငံ၏ ပြည်ပကုန်သွယ်ရေးပမာဏသည် ၂၀၀၄ ခုနှစ် ပထမ ၁၁ လအတွင်း အမေရိကန်ဒေါ်လာ ၂၂၉ ဒသမ ၄ ဘီလီယံသို့ ရောက်ရှိလာသည်။ ထိုပမာဏသည် ယခင်နှစ် အလားတူကာလကနှင့်နှိုင်းယှဉ်လျှင် ၃၃ ဒသမ ၉ ရာခိုင်နှုန်း တိုးတက်လာခြင်းဖြစ်ကြောင်း အီတာတပ်စ်သတင်းဌာနက ဇန်နဝါရီ ၁၈ ရက်တွင် ရေးသားဖော်ပြသည်။

ရုရှားနိုင်ငံ အကောက်ခွန်ဌာန၏ စာရင်းအင်းများအရ အိမ်နီးချင်းစီအိုင်အက်စ်အဖွဲ့ဝင်နိုင်ငံများနှင့် ကုန်သွယ်ရေးသည် ယခင်နှစ်ကထက် ၃၉ ဒသမ ၅ ရာခိုင်နှုန်း တိုးတက်လာပြီး တန်ဖိုးအားဖြင့် အမေရိကန်ဒေါ်လာ ၄၁ ဒသမ ၉ ဘီလီယံသို့ ရောက်ရှိလာသည်။ ထို့အပြင် အလှမ်းကွာဝေးသော ကုန်သွယ်ဖက်နိုင်ငံများနှင့် ကုန်သွယ်မှုပမာဏမှာ ၃၂ ဒသမ ၇ ရာခိုင်နှုန်း မြင့်တက်လာပြီး တန်ဖိုးအားဖြင့် အမေရိကန်ဒေါ်လာ ၁၈၇ ဒသမ ၅ ဘီလီယံထိ ရောက်ရှိသွားကြောင်း သိရသည်။

မြင့်တက်

ရုရှားနိုင်ငံ၏ ၂၀၀၄ ခုနှစ် ပထမ ၁၁ လအထိ တင်ပို့ခဲ့သော စုစုပေါင်း ပို့ကုန်တန်ဖိုးမှာ အမေရိကန် ဒေါ်လာ ၁၆၂ ဒသမ ၄ ဘီလီယံအထိ ရောက်ရှိသွားသည့်အတွက် ၂၀၀၃ ခုနှစ် အလားတူကာလကထက် ၃၄ ဒသမ ၈ ရာခိုင်နှုန်း ပိုမိုမြင့်တက်လာသည်။

၂၀၀၄ ခုနှစ် အဆိုပါကာလအတွင်း ရုရှားနိုင်ငံ၏ သွင်းကုန်တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၆၇ ဘီလီယံရှိပြီး ၂၀၀၃ ခုနှစ် အလားတူကာလကထက် ၃၁ ဒသမ ၉ ရာခိုင်နှုန်း ပိုမိုမြင့်တက်လာကြောင်း အီတာတပ်စ်သတင်းတွင် ဖော်ပြထားသည်။

အမ်အင်အေ၊ ဆင်ဟွာ။

အီရတ်နိုင်ငံ မိုဆူးလ်မြို့တွင် ညအချိန်၌ တစ်အိမ်တက်ဆင်း ရှာဖွေနေသော အမေရိကန်တပ်ဖွဲ့ဝင်များကို ဇန်နဝါရီ ၂၀ ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

ဘဂ္ဂဒက်တွင်ကားဗုံးလေးကြိမ်ပေါက်ကွဲ၊ လူ၂၆ဦးသေဆုံး

ဘဂ္ဂဒက် ဇန်နဝါရီ ၂၀

ဘဂ္ဂဒက်မြို့တွင် ဗုဒ္ဓဟူးနေ့နံနက်က ကားဗုံးပေါက်ကွဲမှု လေးခုဖြစ်ပွားရာ လူ၂၆ဦး သေဆုံးပြီး ၂၁ ဦး ထိခိုက်ဒဏ်ရာ ရရှိခဲ့ကြောင်း အမေရိကန်စစ်ဘက်၏ ကြေညာချက်တွင် ဖော်ပြထားသည်။

လေးကြိမ်ဖြစ်ပွား

ယနေ့ နံနက်ပိုင်းတွင် မိနစ်၉၀ အတွင်း ကားဗုံးပေါက်ကွဲမှု လေးကြိမ်ဖြစ်ပွားခဲ့ကြောင်း၊ ယင်းပေါက်ကွဲမှုကြောင့် လူ၂၆ဦး သေဆုံးခဲ့ပြီး လူ၂၁ဦးထက်မနည်း ထိခိုက်ဒဏ်ရာရရှိခဲ့ကြောင်း ကြေညာချက်တွင် ပါရှိသည်။

ဩစတြေးလျ သံရုံးအနီး နံနက် ၇နာရီခန့်တွင် ပထမအကြိမ် ကားဗုံးပေါက်ကွဲရာ ဒဏ်ရာရရှိသူများအနက် ဩစတြေးလျ တပ်ဖွဲ့ဝင်နှစ်ဦး ပါရှိကြောင်း ကြေညာချက်အရသိရသည်။

ယင်းတိုက်ခိုက်မှုတွင် အီရတ်နိုင်ငံသား တစ်ဦးထက်မနည်း သေဆုံးသွားပြီး အရေအတွက် မည်မျှမှန်း မသိရသည့် အခြားအီရတ်နိုင်ငံသားများ ထိခိုက်ဒဏ်ရာရရှိခဲ့သည်ဟုဆိုသည်။

နောက်ထပ် နာရီဝက်ကြာသောအခါ ကားဗုံးပေါက်ကွဲမှုတစ်ခု ဘဂ္ဂဒက် အယ်လ်အလာဂီဆေးရုံအနီး ပေါက်ကွဲခဲ့ရာ လူ၁၈ဦးသေဆုံးပြီး အခြား၁၅ ဦး ဒဏ်ရာရရှိခဲ့ကြသည်ဟု ကြေညာချက်အရ သိရသည်။

ဒုတိယအကြိမ်

နံနက် ၈ နာရီ ၁၅ မိနစ်တွင် ဘဂ္ဂဒက်နိုင်ငံတကာ လေဆိပ်တွင် ဒုတိယအကြိမ်မြောက် ကားဗုံးပေါက်ကွဲရာ အီရတ်လုံခြုံရေးအစောင့် နှစ်ဦးသေဆုံးခဲ့သည်ဟု ကြေညာချက်တွင် ဖော်ပြထားသည်။

ပေါက်ကွဲ

စတုတ္ထအကြိမ်မြောက် ကားဗုံးပေါက်ကွဲမှုသည် မူသာနာလေဆိပ်အနီးတွင် နံနက် ၈ နာရီခွဲက ပေါက်ကွဲခြင်းဖြစ်ပြီး အီရတ်တပ်ဖွဲ့ဝင်နှစ်ဦးနှင့် အရပ်သားနှစ်ဦး သေဆုံးခဲ့ကာ အမေရိကန် တပ်ဖွဲ့ဝင်တစ်ဦး ထိခိုက် ဒဏ်ရာရရှိခဲ့သည်ဟုဆိုသည်။

အမ်အင်အေ၊ဆင်ဟွာ။

အမေရိကန်၏ တိုက်ခိုက်မှုကို ဟန့်တားနိုင်သည့် စစ်စွမ်းပကားရှိကြောင်း အီရန်ကာကွယ်ရေးဝန်ကြီး ပြောကြား

တီဟီရန် ဇန်နဝါရီ ၁၉

အမေရိကန်သမ္မတဂျော့ဂျ်ဘုရှ်က အီရန်နိုင်ငံအား စစ်ရေးအရတိုက်ခိုက်ရန်ကိစ္စကို ပယ်ချခြင်းမပြုဟု ထုတ်ဖော်ပြောကြားခဲ့သည့် နောက်တစ်ရက်တွင် အီရန်နိုင်ငံက တုံ့ပြန်ပြောကြားရာ၌ မိမိတို့နိုင်ငံသည် ကျူးကျော်တိုက်ခိုက်မှုကို ဟန့်တားနိုင်သည့် စစ်ဘက်ဆိုင်ရာ စွမ်းပကားရှိကြောင်းကာကွယ်ရေးဝန်ကြီး၏ ပြောကြားချက်ကိုအင်္ဂါနေ့က သတင်းဖော်ပြလိုက်သည်။

ကြောက်ရွံ့မှုမရှိ

အီရန်နိုင်ငံသည် အမေရိကန်တပ်ဖွဲ့ဝင်များက အာဖဂန်နစ္စတန်နှင့် အီရတ်နိုင်ငံအစိုးရများအား သုံးနှစ်အတွင်း ဖြုတ်ချခဲ့သည်ကို တွေ့မြင်ခဲ့ပြီးဖြစ်သော်လည်း တိုက်ခိုက်မှုကို ကြောက်ရွံ့မှုမရှိ ကြောင်းဖြင့် အီရန် ကာကွယ်ရေးဝန်ကြီးအလီရှမ်ခါနီကပြောကြားသည်။

မိမိတို့တွင် စစ်ရေးစွမ်းပကား ရှိကြောင်း၊ ယင်းကြောင့် မည်သည့်နိုင်ငံကမျှ မိမိတို့ကို မတိုက်ခိုက်နိုင်ဟု ပြောနိုင်ကြောင်း၊ အဘယ်ကြောင့်ဆိုသော် မိမိတို့တွင် အခြေအနေနှင့်အညီ ပြုပြင်ပြောင်းလဲနိုင်သော မဟာဗျူဟာ အစီအစဉ်ဖော်ဆောင်စေမည့် စစ်ဘက်ဆိုင်ရာ စွမ်းပကားများ ရှိသောကြောင့်ဖြစ်ကြောင်း အစိုးရအာဘော်တစ်ပိုင်းဖြစ်သည့် မီဟာသတင်းဌာနက အလီရှမ်ခါနီအား ကိုးကား၍ ဖော်ပြသည်။

အမြန်ထုတ်လုပ်

မိမိတို့တွင် အဟန့်အတားဖြစ်စေမည့် လက်နက်များ အမြန်ထုတ်လုပ်နိုင်သည့် ကိရိယာများရှိသည်ဟု ပြောနိုင်ကြောင်း၊ သို့သော် အဆိုပါ သတင်းဌာနက အသေးစိတ် ထုတ်ပြန်ခြင်းမရှိကြောင်း သိရသည်။

အီရန်အစိုးရက သင်္ကာမကင်းဖြစ်ရသည့် နျူကလီးယားလက်နက် ထုတ်လုပ်ရေး အစီအစဉ်နှင့် စပ်လျဉ်း၍ ပွင့်ပွင့်လင်းလင်း ထုတ်ပြန်ခြင်း မရှိပါက အမေရိကန် အစိုးရအနေဖြင့် အီရန်နိုင်ငံအား စစ်ရေးအရ တိုက်ခိုက်မှုကိစ္စအပေါ် ပယ်ချခြင်းမပြုဟု သမ္မတဘုရှ်က တနင်္လာနေ့တွင် ပြောကြားခဲ့သည်။

အီရန်အစိုးရက ၎င်း၏ နျူကလီးယားစက်ရုံများမှာ နျူကလီးယားလက်နက်များ ထုတ်လုပ်ရန်မဟုတ်ဟု ငြင်းဆိုပြောကြားခဲ့သည်။

စိုင်းပြင်းထား

အီရန် အစိုးရသည် အမေရိကန်၏ ဖိအားပေးမှုကို ၂၅နှစ်ကျော် တောင့်ခံနိုင်သည်ကို ကောင်းမွန်စွာသိပြီး ဖြစ်ကြောင်း၊ ယနေ့အခါတွင် အီရန်တွင် ကြီးမားသည့် စစ်စွမ်းပကား ရှိနေပြီဖြစ်ကြောင်း၊မိမိတို့၏စွမ်းပကားပမာဏကို မည်သူမျှ မသိရှိကြသေးကြောင်း၊ ကျူးကျော် တိုက်ခိုက်သူအား ကြောက်မက်ဖွယ် ကောင်းအောင် တိုက်ခိုက်ပြီး သေတွင်းပို့ရန် စိုင်းပြင်းထားပြီး ဖြစ်ကြောင်း အဆိုပါသတင်းဌာနက ဖော်ပြသည်။

အမ်အင်အေ၊ရိုက်တာ။

၂၀၀၆ ခုနှစ်တွင် ဒိန်းမတ်တပ်ဖွဲ့ဝင်များ အီရတ်မှထွက်ခွာမည်

စတော့ဟုမ်း ဇန်နဝါရီ ၂၀

ဒိန်းမတ်နိုင်ငံမှ တပ်ဖွဲ့ဝင်များသည် ယခုအချိန်မှစ၍ ၁၂ လမှ ၁၈လအတွင်း အီရတ်နိုင်ငံမှ ထွက်ခွာမည်ဖြစ်ကြောင်း၊ အီရတ်နိုင်ငံ ဘာဆာရာမြို့အနီးရှိ ဒန်နီဗန်စခန်း တပ်မှူးဖြစ်သူ ဗိုလ်မှူးကြီး အက်စ်ဗန်အိုလ်ဆင်ကပြောကြားသည်။

အီရတ်ပြည်သူလူထုက မိမိတို့တပ်ဖွဲ့ဝင်များ ထွက်ခွာရန် မတိုက်တွန်းမီ မိမိတို့အနေဖြင့် အီရတ်နိုင်ငံတွင် နောက်ထပ် ၁၂ လမှ ၁၈ ကျော်သည်အထိနေမည်ဟု မထင်မြင်မိကြောင်း၊ အိုလ်ဆင်က ပြောကြားသည်။ တစ်ချိန်တည်းတွင် အီရတ်နိုင်ငံရှိ ဒေသအချို့တွင် လုံခြုံရေးအရ ဆက်လက်အကူအညီပေးရန် အီရတ်အစိုးရက တိုက်တွန်းလာနိုင်ဖွယ် ရှိကြောင်း ၎င်းက ပြောကြားသည်။

အမ်အင်အေ၊ဆင်ဟွာ။

ဇန်နဝါရီ ၁၉ ရက်က မြို့တော်ဘဂ္ဂဒက်ရှိ ဩစတြေးလျသံရုံးအနီးတွင် ကားဗုံးပေါက်ကွဲမှုဖြစ်ပွားပြီးနောက် အမေရိကန်တပ်ဖွဲ့ဝင်များ လုံခြုံရေးဆောင်ရွက်နေသည်ကို တွေ့ရစဉ်။ *(ဓာတ်ပုံ-အင်တာနက်)*

ငါးများ မှောင်ခိုထုတ်ရောင်းမှု ကာကွယ်တားမြစ်ရန် တန်ဇန်းနီးယားက ဝိတိုရိယရေအိုင်ကြီးကို လေယာဉ်ဖြင့် ကင်းလှည့်မည်

ဒါရက်ဆလမ် ဇန်နဝါရီ ၁၉

တန်ဇန်းနီးယားအစိုးရက ငါးမှောင်ခိုတားမြစ်ရေးအတွက် ဝိတိုရိယရေအိုင်ကြီး၏ ၎င်းပိုင်သည့်အပိုင်းကို လာမည့်လများအတွင်းတွင် လေယာဉ်ဖြင့် ကင်းလှည့်စောင့်ကြပ်တော့မည်ဖြစ်ကြောင်း တန်ဇန်းနီးယား သဘာဝအရင်းအမြစ်များနှင့် ခရီးသွားလုပ်ငန်းဝန်ကြီး ဇာလီယာမက်ဂျီက ပြောကြားသည်။

ကမ္ဘာပေါ်တွင် ဒုတိယအကြီးဆုံးရေချိုအိုင်ကြီးဖြစ်သည့် ဝိတိုရိယအိုင်မှ ငါးမှောင်ခိုမှု တိုက်ဖျက်ရေးတွင် တန်ဇန်းနီးယားနိုင်ငံအနေဖြင့် ပထမဆုံးအကြိမ်အဖြစ် လေယာဉ်များကိုအသုံးပြုကာ ကင်းလှည့်တော့မည် ဖြစ်ကြောင်း ဝန်ကြီးမက်ဂျီက ပြောကြားသည်ကို ဂါးဒီးယန်းသတင်းစာက ကိုးကားရေးသားလိုက်သည်။

ဈေးကောင်းရ

ဝိတိုရိယရေအိုင်ကြီး၏ တန်ဇန်းနီးယားပိုင်အပိုင်းမှ ဖမ်းမိသောငါးတန်ချိန် ၁၇၀၀၀၀ အနက် တန်ချိန် ၃၆၀၀၀ ကို ဈေးကောင်းရသည့် အိမ်နီးချင်းနိုင်ငံများသို့ မှောင်ခိုသယ်ယူကြောင်းဖြင့် အစီရင်ခံစာများအရ သိရသည်။ ဖမ်းမိငါးများအနက် ၇၀ ရာခိုင်နှုန်းမှာ ကကတစ်ငါးများဖြစ်သည်။

အလုံအလောက်မရ

ကကတစ်ငါးများကို ပြည်ပသို့ပို့ရောင်းနေသည့်အတွက် ပြည်တွင်း၌ ကကတစ်ငါးများ အလုံအလောက်မရရှိတော့သဖြင့် တန်ဇန်းနီးယားနိုင်ငံရှိ ငါးစည်သွတ်စက်ရုံအများအပြားကို ပိတ်ပစ်ကြရတော့မည်ဟု ဆိုသည်။

အထောက်အကူပြု

တန်ဇန်းနီးယား၊ ကင်ညာနှင့် ယူဂန္ဒာသုံးနိုင်ငံပိုင်သည့် ဝိတိုရိယရေအိုင်ကြီးမှာ ၆၇ ဒသမ ၄၈၃ စတုရန်းမိုင်ကျယ်ပြီး ထိုသုံးနိုင်ငံလူဦးရေ သန်း ၉၀ ၏ သုံးပုံတစ်ပုံအတွက် စားသောက်ရေးကို အထောက်အကူပြုလျက်ရှိသည်။

အမ်အင်အေ၊ဆင်ဟွာ။

နိုင်ငံတကာ သဘာဝဘေးအန္တရာယ်လျှော့ချရေးညီလာခံ ဂျပန်နိုင်ငံ ကိုဘေးတွင် ကျင်းပ

ကိုဘေး(ဂျပန်) ဇန်နဝါရီ ၁၉

သဘာဝဘေးအန္တရာယ်ဆိုင်ရာ ပျက်စီးဆုံးရှုံးမှုလျှော့ချရေး ကုလသမဂ္ဂနိုင်ငံတကာညီလာခံကို ဂျပန်နိုင်ငံ ကိုဘေးမြို့တွင် အင်္ဂါနေ့က ဖွင့်လှစ်လိုက်သည်။

ဆွေးနွေးမည်

ငါးရက်ကြာ ကျင်းပသော အဆိုပါ ညီလာခံတွင် ပါဝင်တက်ရောက်သူ ကိုယ်စားလှယ် ၄၀၀၀ ကျော်တို့က သဘာဝဘေးအန္တရာယ်ဆိုင်ရာ ပျက်စီးဆုံးရှုံးရမှုလျှော့ချရေး ၁၀ နှစ် အစီအစဉ်တစ်ရပ်ကို ဆွေးနွေးကြမည် ဖြစ်သည်။ ယင်းအစီအစဉ်တွင် သဘာဝကပ်ဘေး ဆိုက်ရောက်မှုများကြောင့် လူ့အသက်များ ပျက်စီးဆုံးရှုံးရမှုကိုလည်းကောင်း၊ ရပ်ရွာဒေသများနှင့် နိုင်ငံများ၌ လူမှုရေး၊ စီးပွားရေးနှင့် သဘာဝပတ်ဝန်းကျင်အရ ပျက်စီးဆုံးရှုံးရမှုများကိုလည်းကောင်း သိသိသာသာ လျှော့ချနိုင်စေရေးအတွက် မဟာဗျူဟာမြောက် ရည်မှန်းချက်များနှင့် ဦးစားပေး အကောင်အထည်ဖော်ရမည့် လုပ်ငန်းများနှင့် ပတ်သက်၍ ဖော်ပြပါရှိမည်ဖြစ်သည်။

ချမှတ်

သဘာဝ ဘေးအန္တရာယ်ဆိုင်ရာ ပျက်စီးဆုံးရှုံးရမှု လျှော့ချရေး ညီလာခံ အပြီးသတ်နေ့တွင် ပူးတွဲကြေညာချက်တစ်ရပ်ကို ချမှတ်မည်ဖြစ်သည်။

သဘာဝ ဘေးအန္တရာယ်ဆိုင်ရာ နိုင်ငံတကာညီလာခံတွင် မကြာသေးမီက ဖြစ်ပွားခဲ့သော ဆူနာမီလှိုင်းရိုက်ခတ်မှု ကပ်ဘေးဆိုးကြီးနှင့် ပတ်သက်၍ သီးခြားဆွေးနွေးပွဲနှစ်ပွဲကို ထည့်သွင်းကျင်းပမည်ဖြစ်သည်။

ယနေ့ကာလတွင် မိမိတို့သည် သဘာဝဘေးအန္တရာယ်ဆိုင်ရာ စိန်ခေါ်မှုကို ထိပ်တန်းဦးစားပေးလုပ်ငန်းရပ်တစ်ခုသဖွယ် ချက်ချင်းတုံ့ပြန်ဆောင်ရွက်နိုင်ရန် လိုအပ်ကြောင်း၊ မိမိတို့၏ သဘာဝကပ်ဘေးတိုက်ဖျက်ရေး ကောင်းမြတ်သော ရည်မှန်းချက်များကို အလုပ်ဖြင့် လက်တွေ့ပြရမည်ဖြစ်ကြောင်း ညီလာခံဖွင့်ပွဲ အခမ်းအနားတွင် ကုလသမဂ္ဂ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ လက်ထောက် အတွင်းရေးမှူးချုပ် ဂျန်အက်ဂီလန်က ပြောကြားသည်။

အမ်အင်အေ၊ ဆင်ဟွာ။

ပင်လယ်မှအပြန်

အင်ဒိုနီးရှားနိုင်ငံ ကူအာလာမူဒါပီနာဂါ အရပ်မှ ရေယာဉ်များနှင့် ရေလုပ်သားများ ပင်လယ်မှပြန်လာကြသည်ကို ဇန်နဝါရီ ၁၈ ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

တရုတ်လူမျိုးကမ္ဘာလှည့်ခရီးသည်များကို မလေးရှားပိုမိုဆွဲဆောင် ယခုနှစ်တွင်တရုတ်ခရီးသည် တစ်သန်းအထိ ရှိမည်ဟုမျှော်မှန်း

ကွာလာလမ်ပူ ဇန်နဝါရီ ၁၉

တရုတ်လူမျိုး ကမ္ဘာလှည့် ခရီးသည်များသည် ၎င်းတို့၏ အားလပ်ရက်အပန်းဖြေ ခရီးစဉ်များအတွက် မလေးရှားနိုင်ငံကို ပိုမိုရွေးချယ်လာကြကြောင်း၊ မလေးရှားနိုင်ငံသို့ ယခုနှစ်တွင်လာရောက်မည့် တရုတ်လူမျိုး ကမ္ဘာလှည့်ခရီးသည်ဦးရေသည် တစ်သန်းရှိမည်ဟု မျှော်လင့်ရကြောင်း မလေးရှားသယ်ယူပို့ဆောင်ရေးဝန်ကြီး ချန်ကွန်ချိုင်က အင်္ဂါနေ့တွင် ပြောကြားသည်။

မလေးရှားနိုင်ငံသို့ တရုတ်ကမ္ဘာလှည့်ခရီးသည် လာရောက်မှုမှာ ၂၀၀၃ ခုနှစ်တွင် ၅၈၀၄၂၄ ဦး ရှိခဲ့ပြီး လွန်ခဲ့သည့်နှစ်တွင် ၈၂၈၂၆၆ ဦးအထိရှိကြောင်း မလေးရှားဝန်ကြီးက ကွာလာလမ်ပူ နိုင်ငံတကာလေဆိပ်သို့ ပထမဆုံးအကြိမ် လေကြောင်းခရီးစဉ် ပျံသန်းလာသည့် ရှင်ကျင့်လေကြောင်းဌာန၏ ခရီးစဉ်အမှတ် ဇက်အိပ်ချ် ၀၇၉၆ နှင့်အတူလိုက်ပါလာသော ခရီးသည် ၉၃ ဦးခန့်ကို ကြိုဆိုသည့်အခမ်းအနား၌ ပြောကြားသည်။

မလေးရှားနိုင်ငံတကာလေဆိပ်သို့ ပျံသန်းသည့်တရုတ်နိုင်ငံမှ လေကြောင်းဌာနပေါင်းမှာ ရှင်ကျင့်လေကြောင်းဌာနနှင့်ပါဆိုလျှင် ရှစ်ခုရှိပြီဖြစ်ကြောင်း၊ မလေးရှား နိုင်ငံတကာလေဆိပ်၏ လုပ်ငန်းများကို တာဝန်ယူဆောင်ရွက်နေသော မလေးရှားလေဆိပ်များ ဦးပိုင်ကုမ္ပဏီသည် တရုတ်လေကြောင်းခရီးစဉ်များကို ပိုမိုလက်ခံနိုင်ရန် ကြိုးပမ်းသွားရမည်ဖြစ်ကြောင်း ၎င်းက ပြောကြားသည်။

မလေးရှားနိုင်ငံသို့ ပျံသန်းသည့် တရုတ်လေကြောင်းဌာနများ၏ အရေအတွက်ကို ယခုနှစ်တွင် ၁၀ ခုအထိ မြှင့်တင်နိုင်ရန် မိမိတို့ ကြိုးပမ်းသွားမည်ဖြစ်ကြောင်း၊ တရုတ်လေကြောင်းခရီးစဉ်များ တိုးပွားလာခြင်းဖြင့် နှစ်နိုင်ငံစလုံးအတွက် အကျိုးကျေးဇူးရရှိမည်ဖြစ်ကြောင်း ဝန်ကြီးချုပ်က ဆက်လက်ပြောကြားသည်။

အမ်အင်အေ၊ ဆင်ဟွာ။

ဂျပန်သို့ ဖိလစ်ပိုင်လေကြောင်းခရီးစဉ်တိုးချဲ့မည်

မနီလာ ဇန်နဝါရီ ၁၉

ဖိလစ်ပိုင်လေကြောင်း(ပီအေအယ်လ်)နှင့် စီဘူးပစိဖိတ်လေကြောင်းတို့သည် ဂျပန်နိုင်ငံသို့ ခရီးစဉ်တိုးချဲ့ရန် စီစဉ်လျက်ရှိကြောင်း တာဝန်ရှိသူများက တနင်္လာနေ့တွင် ပြောကြားသည်။

မြို့ပြဆိုင်ရာ လေယာဉ်ပျံသန်းရေးအဖွဲ့က ၎င်းလေကြောင်း လိုင်းနှစ်ခုကို နာဂိုယာသို့ တစ်ပတ်လျှင် လေးကြိမ်စီ ပျံသန်းခွင့်ပေးလိုက်သည်။

ပီအေအယ်လ်သည် နာဂိုယာခရီးစဉ်ကို မတ်လတွင် စတင်မည်ဖြစ်သည်။ ပီအေအယ်လ်သည် ဂျပန်လေကြောင်း (ဂျေအေအယ်လ်)နှင့် စာချုပ်တစ်ရပ် လက်မှတ်ရေးထိုးခဲ့ရာ ၎င်းစာချုပ်အရ ဂျေအေအယ်လ်က ပီအေအယ်လ် အတွက်နာဂိုယာတွင်မြေပြင်လေကြောင်း ထိန်းချုပ်မှုလုပ်ငန်းကို ဆောင်ရွက်ပေးမည်ဖြစ်သည်။

ပျံသန်းမည်

စီဘူးပစိဖိတ်လေကြောင်းသည် နာဂိုယာနှင့် အိုဆာကာသို့ ဧပြီလနှင့် ဇွန်လအတွင်း စတင်ပျံသန်းမည်ဟု သိရသည်။ **အမ်အင်အေ၊ဆင်ဟွာ။**

ကမ္ဘောဒီးယားသို့ ကမ္ဘာလှည့်ခရီးသည်ရောက်ရှိမှု ၂၀၀၄ ခုနှစ်တွင် သိသိသာသာမြင့်တက်လာဟုဆို

ဖနွမ်းပင် ဇန်နဝါရီ ၂၀

ကမ္ဘောဒီးယားနိုင်ငံသို့ ၂၀၀၄ ခုနှစ်တွင် ကမ္ဘာလှည့်ခရီးသွားများ ရောက်ရှိလာသော အရေအတွက်သည် ယခင်နှစ်ကနှင့်နှိုင်းစာလျှင် သိသိသာသာ မြင့်တက်လာကြောင်း ခရီးသွားလုပ်ငန်းဝန်ကြီးဌာန၏ အင်္ဂါနေ့ထုတ်ပြန်ချက်များအရ သိရသည်။

— တိုးတက် —

ကမ္ဘောဒီးယားသို့ ၂၀၀၄ ခုနှစ်တွင် ရောက်ရှိလာသော ခရီးသွားအရေအတွက်သည် ၁၀၅၅၂၀၂ဦးရှိကြောင်း၊ ယမန်နှစ်ကနှင့်နှိုင်းစာလျှင် ၅၀ ဒသမ ၅၃ ရာခိုင်နှုန်း တိုးတက်လာကြောင်း စာရင်းအင်းများက ဖော်ပြသည်။ ၂၀၀၃ ခုနှစ်တွင်ရှိသော ကမ္ဘာလှည့်ခရီးသွားအရေအတွက်မှာ ၇၀၁၀၁၄ဦး ရှိသည်။

၂၀၀၄ ခုနှစ်တွင် မိမိတို့နိုင်ငံအနေဖြင့် မျှော်မှန်းထားသောဧည့်သည် လာရောက်မှု အခြေအနေကိုရောက်ရှိခဲ့ကြောင်း ခရီးသွားလုပ်ငန်းနှင့် စာရင်းအင်းဦးစီးဌာနမှ ညွှန်ကြားရေးမှူး မာရာဒီမေးက ပြောကြားသည်။

တောင်ကိုရီးယားဧည့်သည်ပေါင်း ၁၂၈၄၂၃ ဦးသည် ၂၀၀၄ ခုနှစ်တွင် ကမ္ဘောဒီးယားနိုင်ငံသို့ လာရောက်ခဲ့သည့်အတွက် ယခုနှစ်တွင် တောင်ကိုရီးယား နိုင်ငံသည် ဧည့်သည်အများဆုံးလာရောက်သော နိုင်ငံအဖြစ် ရပ်တည်လျက်ရှိသည်။ ဒုတိယဧည့်သည်အများဆုံးလာရောက်သောနိုင်ငံမှာ ဂျပန်နိုင်ငံဖြစ်သည်။ ၂၀၀၄ ခုနှစ်တွင် ဂျပန်ဧည့်သည် ၁၁၈၁၅၇ ဦးလာရောက်ခဲ့သည်။ တတိယအများဆုံးဧည့်သည် လာရောက်သော နိုင်ငံမှာ အမေရိကန်ဖြစ်သည်။ ထိုနိုင်ငံမှ ဧည့်သည် ၉၄၉၅၁ ဦး လာရောက်ခဲ့သည်။

ဧည့်သည်လာရောက်မှုသည် ၂၀၀၃ ခုနှစ်တွင် ၇၀၁၀၀၀ ရှိသည်။ ထိုနှစ်က ဧည့်သည်နည်းပါးရခြင်းမှာ အရှေ့နှင့်အရှေ့တောင်အာရှဒေသတွင် ဆားစ်ရောဂါဖြစ်ပွားခြင်း၊ ကြက်ငှက်တုပ်ကွေးရောဂါ ဖြစ်ပွားခြင်းနှင့် အီရတ် စစ်ပွဲအခြေအနေတို့ကြောင့် ဖြစ်သည်ဟုဆိုသည်။

မာရာဒီမေး၏ ပြောကြားချက်အရ ၂၀၁၀ ခုနှစ်တွင် ကမ္ဘောဒီးယားနိုင်ငံသို့ ကမ္ဘာလှည့်ခရီးသည် ၃ဒသမ၁၂ သန်းဝင်ရောက်လာစရာရှိသည်ဟု သိရှိရသည်။ ကမ္ဘာ့ဘဏ်၏ ခန့်မှန်းချက်၌ ၂၀၀၅ ခုနှစ်တွင် ကမ္ဘောဒီးယားနိုင်ငံသို့ ခရီးသည်လာရောက်မှုအရေအတွက်သည် ၁၅ ရာခိုင်နှုန်း တိုးတက်လာနိုင်မည်ဖြစ်ကြောင်း သိရသည်။

ကမ္ဘောဒီးယားနိုင်ငံသည် ငါးနှစ်စီမံကိန်းရေးဆွဲ၍ ကမ္ဘာလှည့်ခရီးသွားလုပ်ငန်း တိုးတက်လာစေရန် စီမံဆောင်ရွက်လျက်ရှိသည်။ ကမ္ဘာလှည့် ခရီးသွားလုပ်ငန်းဆိုင်ရာ လူ့စွမ်းအားအရင်းအမြစ် တိုးတက်လာစေရန် ကြိုးပမ်းခြင်း၊ ဈေးကွက်သုတေသနပြုခြင်း၊ ပညာရေးမြှင့်တင်ခြင်း၊ စာရင်းအင်း အချက်အလက်များ စုဆောင်းရှာဖွေခြင်းစသည်တို့ကို တစ်ဖက်မှ ဆောင်ရွက်လျက်ရှိသည်။ ၂၀၀၆ ခုနှစ်တွင် ခရီးသည် ၁ ဒသမ ၅ သန်း၊ ၂၀၀၈ ခုနှစ်တွင် ခရီးသည် ၂ဒသမ၂သန်းနှင့် ၂၀၁၀ ပြည့်နှစ်တွင် ခရီးသည် ၃ဒသမ၁၂ သန်း ရောက်ရှိလာစေရန်ရည်မှန်း၍ ကြိုးပမ်းအားထုတ်လျက်ရှိသည်။

အမ်အင်အေ၊ ဆင်ဟွာ။

အိန္ဒိယနိုင်ငံတစ်ဝန်းတွင် လျှပ်စစ်ဓာတ်အား အပြည့်အဝရရှိရေးအတွက် လျှပ်စစ်လုပ်သားများ လျှပ်စစ်ဓာတ်ကြိုးထိန်းသံပေါင်တိုင်များ တပ်ဆင်နေသည်ကို ဇန်နဝါရီ ၁၈ ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

အီရတ်အကျဉ်းသား နှိပ်စက်သည့် ဓာတ်ပုံများ သတင်းစာများက ဖော်ပြ

လန်ဒန် ဇန်နဝါရီ ၁၉

ဗြိတိသျှတပ်ဖွဲ့ဝင်များ၏ ညှဉ်းပန်းနှိပ်စက်ခံရသည့် အီရတ်နိုင်ငံသားများ၏ ဓာတ်ပုံများကို ရှက်စဖွယ်၊ တုန်လှုပ်မှုစသည့် ခေါင်းစဉ်များပေးပြီး ဗြိတိသျှသတင်းစာများက ဗုဒ္ဓဟူးနေ့က ရေးသားဖော်ပြကြသည်။ အဘုဂါရစ် အကျဉ်းထောင် အရှုပ်တော်ပုံအား စစ်ခုံရုံးတင်စစ်ဆေးမှုဂယက်များ အီရတ်တစ်နိုင်ငံလုံးတွင် ရိုက်ခတ်သွားခဲ့သည်။

အချို့သောသတင်းစာများက ဗလာကျင်းနေသည့် အီရတ်အကျဉ်းသားများအား အရှက်တကွဲ အကျိုးနည်းစေသည့် အနေအထားဖြင့်နေစေသည့် ဓာတ်ပုံများကို ရှေ့မျက်နှာဖုံးပြည့် ဖော်ပြထားသည်။

ယင်းဓာတ်ပုံများကြောင့် ဗြိတိသျှအစိုးရမှာ အရှက်ရပြီးနာမည်ပျက်စရာဖြစ်ခဲ့ကြောင်း "ဆန်း" အမည်ရှိသတင်းစာကြီးက ဖော်ပြခဲ့သည်။ ဗြိတိသျှတပ်ဖွဲ့ဝင်သုံးဦးအား စစ်ခုံရုံးတင်စစ်ဆေးပြီးနောက် ဗြိတိသျှစစ်ဘက်တွင် ရေရှည်နာမည်ပျက် ထိခိုက်စရာဖြစ်ပေါ်လာမည်ဟု သတင်းစာများနှင့် အတိုက်အခံ နိုင်ငံရေးသမားများက သတိပေးထားခဲ့ကြသည်။

အမ်အင်အေ၊ ရိုက်တာ။

အငြိမ်းစားတို့ စကားဝိုင်း (၄)

ဟိန်းမြင့်

တပ်မတော်အစိုးရလက်ထက် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီသည် နိုင်ငံတော်ဝန်ကြီးချုပ်အပါအဝင် အစိုးရအဖွဲ့နှင့် အာဏာပိုင်အဖွဲ့များကို ဖွဲ့စည်းတာဝန်ပေးအပ်ထားပါသည်။ ထိုသို့ ရွေးချယ်ဖွဲ့စည်းတာဝန်ပေးအပ်ရာတွင် ချမှတ်ထားသော မူဝါဒများ၊ အမိန့်များနှင့် ညွှန်ကြားချက်များကို သစ္စာရှိရှိဖြင့် နိုင်ငံတော်၏ အကျိုးအတွက် မှန်မှန်ကန်ကန် ဆောင်ရွက်အကောင်အထည်ဖော်နိုင်မည်ဟု ယူဆထားသော ပုဂ္ဂိုလ်များကို ရွေးချယ်တာဝန်ပေးထားကြောင်းလည်း သိရပါသည်။

ထိုသို့ ရွေးချယ်တာဝန်ပေးထားသူများအနက် နိုင်ငံတော်၏ မူဝါဒများ၊ နိုင်ငံတော်၏ ဥပဒေစည်းမျဉ်း၊ စည်းကမ်းများကို ဆန့်ကျင်သွေဖည်သွားသူများ၊ အကြောင်းအမျိုးမျိုးကြောင့် ပြည်သူများ၏ အကျိုးစီးပွားကို သယ်ပိုးထမ်းဆောင်နိုင်စွမ်း မရှိတော့သူများကို တာဝန်ပေးအပ်ထားခြင်းမှ ရုပ်သိမ်းခဲ့သည်ကို တွေ့ရပါသည်။ အမျိုးသားရေးမူဝါဒဖြစ်သည့် ဒို့တာဝန်အရေးသုံးပါးကို ထိခိုက်နစ်နာစေမည့် အခြေအနေ အချိန်အခါတိုင်းတွင် နိုင်ငံတော်၏ မျက်နှာကိုသာကြည့်ပြီး လိုအပ်သော အရေးယူဆောင်ရွက်မှုများကို ပြတ်ပြတ်သားသား ဆောင်ရွက်ခဲ့သည်ကိုလည်း တွေ့ရှိနေရပါသည်။

ရွေးချယ်တာဝန်ပေးအပ်ခံထားရသူများအတွက် ကွပ်ကဲကြပ်မတ်မှုနှင့် အုပ်ချုပ်မှုသဘောသဘာဝအရ ချမှတ်လမ်းညွှန်ပေးထားသော မူဝါဒနှင့် ရည်မှန်းချက် တာဝန်များကို အောင်မြင်စွာ အကောင်အထည်ဖော် လုပ်ဆောင်နိုင်ရန်အလို့ငှာ လုပ်ပိုင်ခွင့်အာဏာများကိုပါ တစ်ပါတည်းပေးထားရပါသည်။ အကောင်အထည် ဖော်ရသူများအနေဖြင့်လည်း အထက်လူကြီး၏ ကွပ်ကဲကြပ်မတ်မှု အနည်းဆုံးဖြင့် မိမိထံ၌ရှိသော လုပ်ပိုင်ခွင့်များကို မှန်မှန်ကန်ကန် အသုံးချ၍ နိုင်ငံနှင့်ပြည်သူတို့၏ အကျိုးစီးပွားအတွက် စေတနာထားကာ ကိုယ်စွမ်း ဉာဏ်စွမ်းရှိသရွေ့ အောင်မြင်အောင် ကြိုးစားလုပ်ဆောင်ကြရပေသည်။ ချမှတ်ထားသော မူဘောင်အတွင်းမှ အကောင်းဆုံးနည်းလမ်းကို သုံးသပ်ရွေးချယ်၍ ရည်မှန်းချက်အောင်မြင်ရန် လွတ်လွတ်လပ်လပ် လုပ်ဆောင်ခွင့်လည်း ရှိကြပါသည်။

အထက်ပါအခြေအနေများနှင့် ကွပ်ကဲကြပ်မတ်အုပ်ချုပ်မှု၏ သဘောသဘာဝကို သိရှိနားလည်ထားကြပြီးသော ကျွန်တော်တို့ အငြိမ်းစား မိတ်ဆွေသူငယ်ချင်းတစ်သိုက် ဆုံမိကြချိန်တွင်မူ...

"နိုင်ငံတော်အစိုးရအဖွဲ့မှာပဲဖြစ်ဖြစ်၊ အာဏာပိုင်အဖွဲ့တွေမှာပဲဖြစ်ဖြစ်၊ စစ်ဘက်နယ်ဘက် ဝန်ထမ်းတွေမှာပဲဖြစ်ဖြစ်၊ NGO အဖွဲ့အစည်းတွေမှာပဲဖြစ်ဖြစ် ဘယ်အဖွဲ့အစည်းမှာမဆို တာဝန်ထမ်းဆောင်ကြရသူ အဆင့်ဆင့်မှာ လုပ်ငန်းတာဝန်နဲ့ လုပ်ပိုင်ခွင့်ဆိုတာ ရှိကြရတာပဲ"

"အေးလေ၊ တာဝန်ကြီးကြီးထမ်းဆောင်ရသူမှာ ကြီးမားသော လုပ်ပိုင်ခွင့်ရှိကြရသလို၊ တာဝန်ငယ်ငယ် ထမ်းဆောင်ရသူမှာလည်း ထိုက်သင့်တဲ့ လုပ်ပိုင်ခွင့်တွေ ပေးထားရတာ သဘာဝပဲလေ၊ ဒါမှလည်း အလုပ်ဖြစ်မှာပေါ့"

"ခက်တာက လုပ်ပိုင်ခွင့်ကိုတော့ အပြည့်အဝ ရယူအသုံးချပြီး တာဝန်ကိုတော့ မကျေပွန်ကြ၊ ရည်မှန်းချက်အောင်မြင်အောင် မလုပ်ဆောင်နိုင်ကြတာတွေလည်း မင်းတို့၊ ငါတို့ ဖြတ်သန်းလာခဲ့ရတဲ့ ဘဝလမ်းကြောင်းမှာ တွေ့ခဲ့ကြုံခဲ့ကြရတာပဲ မဟုတ်လား"

"ပိုဆိုးတာက လုပ်ပိုင်ခွင့်ကို အလွဲသုံးစားပြုပြီး ကိုယ်ကျိုးရှာကြတာပဲလေ၊ ကိုယ်ကျိုးရှာကြရာမှာလည်း ပထမတော့ နည်းနည်း နည်းနည်းနဲ့ နောက်ပိုင်း လောဘကို အတောမသတ်နိုင်တော့ဘဲ ချမ်းသာအောင်၊ ချမ်းသာရာမှ သားစဉ်မြေးဆက်အထိ စားသုံးလို့မကုန်အောင် ဖြစ်လာကြတော့ နောက်ဆုံးတစ်နေ့ ဒုက္ခတွင်းထဲ သက်ဆင်းကြရတာပဲလေ"

"သတိသံဝေဂ ရစရာပေါ့ကွာ၊ လူဆိုတာ မွေးကတည်းက ဘာမှပါမလာသလို သေသွားရင်လည်း ဘာမှယူသွားလို့မှ မရတာ။ လောဘ၊ ဒေါသ၊ မောဟနဲ့ မာန်မာနတွေ လွန်လွန်ကဲကဲ မရှိကြဖို့ သင်ခန်းစာယူကြရမှာပေါ့ကွာ"

"ဈေးကွက်စီးပွားရေးစနစ်အရ ပုဂ္ဂလိကလုပ်ပိုင်ခွင့်များကို အားပေးနေတဲ့အချိန်မှာ စီးပွားရေးသမား အချို့က သူတို့အကျိုးစီးပွားအတွက် လုပ်ပိုင်ခွင့်ရှိတဲ့သူတွေထံ အကြိုက်ပေးလို့ နည်းအမျိုးမျိုးနဲ့ ချဉ်းကပ် သိမ်းသွင်းကြတော့တာပါပဲ။ ဒီတော့လည်း တော်ရုံတန်ရုံ ပုဂ္ဂိုလ်ကြီးငယ်တွေလည်း ယိမ်းယိုင်ကုန်ကြတာပေါ့။ မှန်မှန်ကန်ကန်လုပ်ကြတဲ့ စီးပွားရေးလုပ်ငန်းရှင်အချို့ကလည်း မမှန်မကန်လုပ်ပြီး ကိုယ်ကျိုးရှာသွားတဲ့ လုပ်ငန်းရှင်အချို့ရဲ့ လုပ်ရပ်တွေပေါ် အားကျပြီး လိုက်လုပ်ကြနဲ့ဆိုတော့ လောဘတွေ အတောမသတ်နိုင်အောင်ဖြစ်ကုန်ကြတာပေါ့။

နိုင်ငံအတွက်၊ ပြည်သူအတွက်ဆိုတာထက် သူတို့ကုန်ကျစရိတ်တွေကိုကာမိအောင် ပိုပြီးဈေးတင်ကြလို့ လူသုံးအိမ်သုံးပစ္စည်းတွေ၊ အိမ်ဈေး၊ မြေဈေး၊ အခန်းဈေးတွေ အဆမတန် မြင့်တက်ကုန်ကြတော့တာပေါ့။"

"ဒါတွေကို သင်ခန်းစာရယူပြီး ဘာပဲလုပ်လုပ် အဖွဲ့စနစ်၊ ဈေးပြိုင်စနစ်တွေနဲ့ ကျယ်ကျယ်ပြန့်ပြန့် အသိပေးကြေညာပြီး မှန်မှန်ကန်ကန် လုပ်ကြမယ်ဆိုရင် အဂတိလိုက်စားမှုတွေ၊ အကျင့်ပျက်မှုတွေ လျော့ပါးသွားနိုင်ပါတယ်။ ထိန်းချုပ်လွန်းရင် အလုပ်မဖြစ်၊ အလုပ်နှောင့်နှေးနိုင်သလို စနစ်တကျမရှိ၊ လုပ်ချင်တာလုပ်လို့ရနေရင်လည်း အဂတိလိုက်စားမှုတွေ ဖြစ်လာနိုင်တယ်"

"နိုင်ငံတော်ဝန်ကြီးချုပ်ရဲ့ ၂၄-၁၀-၂၀၀၄ ရက်နေ့ ရှင်းလင်းပွဲမှာ အတိအလင်းဆွေးနွေး မှာကြားထားတာတွေကို အားလုံးအလေးအနက်ထားသတိမူလိုက်နာသင့်ကြပါတယ်။ ဒါမှလည်း နိုင်ငံဖွံ့ဖြိုးမှုက အခုထက်ပိုမိုလျင်မြန်နိုင်မှာပဲလေ"

၂၄-၁၀-၂၀၀၄ ရက်နေ့ ရှင်းလင်းပွဲတွင် နိုင်ငံတော်အစိုးရနှင့်ပတ်သက်ပြီး နိုင်ငံတော်ဝန်ကြီးချုပ်က–"**အစိုးရအဖွဲ့၏ လုပ်ငန်းတာဝန်များကို ထမ်းဆောင်ရာတွင်လည်း နိုင်ငံတော်ကြီး၏ အကျိုးစီးပွား၊ တိုင်းရင်းသားအားလုံး၏ အကျိုးစီးပွားကို ကျယ်ကျယ်ပြန့်ပြန့် သွက်သွက်လက်လက် ထိထိရောက်ရောက် မှန်မှန်ကန်ကန် ထမ်းဆောင်နိုင်သည့် အစိုးရယန္တရား ဖြစ်စေရေး၊ ကျင့်ဝတ်သိက္ခာချိုးဖောက်မှု၊ ဖောက်လွဲဖောက်ပြန်မှုနှင့် လာဘ်ပေးလာဘ်ယူမှုစသည့် ပြည်သူအပေါ် ဖိစီးနှိပ်စက်မှုများ မကျူးလွန်သည့် သန့်ရှင်း ထက်မြက်သော အစိုးရယန္တရားဖြစ်စေရေးကို မျက်ခြည်မပြတ်ဦးတည်အကောင်အထည်ဖော်သွားမည်ဖြစ်ကြောင်း**" ရှင်းလင်းပြောကြားခဲ့သည်။

ထို့ပြင် ဝန်ကြီးချုပ်က စီးပွားရေးလုပ်ငန်းရှင်များနှင့်ပတ်သက်၍ "**တိုးတက်မှုနှင့်အလုပ်၊ အလုပ်နှင့် စည်းကမ်းသည် ဒွန်တွဲလျက်ရှိသည်ကို အမြဲသတိထားရန် လိုအပ်ကြောင်း၊ စည်းမရှိ၊ ကမ်းမရှိ၊ စနစ်မရှိ တစ်ဦးကောင်းတစ်ယောက်ကောင်း ကြီးပွားချမ်းသာရေးအတွက် အကျင့်ပျက်ဝန်ထမ်းများနှင့် ပူးပေါင်းပြီး ဆူလွယ်နပ်လွယ်သော ဖြတ်လမ်းကို မလျှောက်လှမ်းမိစေရန် အရေးကြီးကြောင်း၊ ပြီးခဲ့သည့် အပိုင်းများတွင် အပြုအမူလွဲမှားခဲ့သမျှကိုလည်း ပြုပြင်သွားရမည်ဖြစ်ကြောင်း၊ အကြောင်းအမျိုးမျိုးကြောင့် လုပ်ပိုင်ခွင့်ရှိသည့် အကျင့်ပျက်ဝန်ထမ်းများနှင့် လာဘ်ပေးလာဘ်ယူမှု၊ တံစိုးလက်ဆောင်ပေးမှု စသည့် မမှန်မကန် နည်းလမ်းများဖြင့် ပုဂ္ဂိုလ်ရေးဆန်ဆန် ရင်းနှီးပေါင်းဖက်မှုလုပ်ရပ်များသည် ရေရှည်တွင် မည်သို့မျှအကျိုးဖြစ်ထွန်းမည် မဟုတ်သည့်အပြင် ပြည်သူများ၏ အမြင်တွင် လူတစ်စုကောင်းစားရေး၊ လူနည်းစုသာကြီးပွားချမ်းသာရေးကို ဦးတည်နေသော ခေတ်သစ်လူတန်းစားသစ် ထူထောင်ရေးလုပ်ငန်းစဉ်များအဖြစ် အပြစ်တင်ရှုမြင်ခံရဖွယ်ရှိကြောင်း၊ နိုင်ငံတော်အစိုးရက ပုဂ္ဂလိကရေးအရ စောင့်ရှောက်ကာကွယ်မှုထက် မူဝါဒအရ၊ ဥပဒေစည်းမျဉ်းစည်းကမ်းများအရ ပြည်သူများ၏ ကောင်းစားရေးကို ကျောသားရင်သားမခွဲခြားဘဲ ကာကွယ်စောင့်ရှောက်သွားမည်ဖြစ်ကြောင်း**" တို့ကို တိကျစွာ ရှင်းလင်းပြောကြားခဲ့ပြီးဖြစ်ပါသည်။

ဝန်ထမ်းများနှင့်ပတ်သက်၍လည်း ဝန်ကြီးချုပ်က "**နိုင်ငံတော်အပိုင်းမှာ လုပ်ပိုင်ခွင့်ကို အာဏာအဖြစ်မှတ်ယူပြီး ဖောက်လွဲဖောက်ပြန်လုပ်မှုများကို ပြတ်ပြတ်သားသား အရေးယူခဲ့သလို နောင်မှာလည်း အစိုးရဝန်ထမ်းအဖွဲ့အစည်းများက အဖွဲ့အစည်းအလိုက်ဖြစ်စေ၊ တစ်ဦးချင်းဖြစ်စေ မမှန်မကန် လုပ်ဆောင်မှုများ၊ အကျင့်ပျက်မှုများကို ဖော်ထုတ်အရေးယူသွားမှာဖြစ်ကြောင်း**" သတိပေးပြောကြားသွားခဲ့ပါသည်။ ထိုသို့ ဝန်ကြီးချုပ်၏ ရှင်းလင်းပြောကြားခဲ့မှုနှင့်ပတ်သက်ပြီး ကျွန်တော်တို့ စကားဝိုင်းတွင်–

"နိုင်ငံတော်ဝန်ကြီးချုပ်ရဲ့ ရှင်းလင်းပြောကြားချက်က နိုင်ငံအတွက် အလွန်ဝမ်းသာအားရစရာပါပဲကွာ၊ နိုင်ငံတော်အစိုးရအပိုင်းအနေနဲ့ သန့်ရှင်းထက်မြက်သော အစိုးရယန္တရားဖြစ်စေရေးကို မျက်ခြည်မပြတ် ဦးတည်အကောင်အထည်ဖော် သွားမယ်လို့ တိတိကျကျကို ဆိုထားတယ်လေ၊ အဂတိလိုက်စားမှုနဲ့ အကျင့်ပျက်မှုတွေမရှိအောင် ကွပ်ကဲကြပ်မတ် စီမံလုပ်ဆောင်သွားမှာ အမှန်ပဲ"

"စီးပွားရေးလုပ်ငန်းရှင်များနဲ့ ပတ်သက်လို့ နိုင်ငံမှာ ဖြစ်ပေါ်ခဲ့မှုတွေကို အမှန်အတိုင်း သုံးသပ်ပြီး လိုအပ်ချက်ကိုရှင်းလင်းပြတ်သားစွာ ပြောကြားသွားခဲ့တာပဲဟ"

"တိုင်းရင်းသားစီးပွားရေးလုပ်ငန်းရှင်တွေဆိုတာ ဒီခေတ်ကျမှ နိုင်ငံတော်က အားပေးချီးမြှောက်ခဲ့လို့ ကြီးပွားဖြစ်ထွန်းလာခဲ့ကြတာမို့ နိုင်ငံအကျိုး၊ ပြည်သူ့အကျိုးကိုသာ ကြည့်ရမှာပေါ့၊ လာဘ်ပေးလာဘ်ယူမှုတွေ၊ တံစိုးလက်ဆောင်ပေးမှုတွေနဲ့ မမှန်မကန်ဆက်လုပ်နေကြမယ်ဆိုရင် တစ်နေ့ မဟုတ် တစ်နေ့ဒုက္ခတွေ့ရမှာမလွဲဘူးလေ၊ ဒါကြောင့် ဝန်ကြီးချုပ် သတိပေးပြောကြားမှုတွေကို အလေးအနက်ထား လိုက်နာကြဖို့လိုမယ်"

"ဒီတစ်ခါတော့ မမှန်မကန်လုပ်လာရင် ဘယ်သူမဆို အရေးယူခံရမှာ အမှန်ပဲ"

"အစိုးရဝန်ထမ်းတွေလည်းမမှန်မကန် မလုပ်ဆောင်ကြဖို့၊ အကျင့်မပျက်ကြဖို့၊ လုပ်လာရင် ဖော်ထုတ်အရေးယူသွားမယ်လို့ ဆိုတယ်လေ"

"အေး– ဒါမှပဲ ငွေရမှ၊လာဘ်ရမှ၊ တံစိုးလက်ဆောင်ရမှလုပ်ပေးတဲ့ ဝန်ထမ်းတွေ၊ စားပွဲတစ်ခုကနေတစ်ခု စာတစ်စောင်ရောက်ဖို့အတွက် လက်ဖက်ရည်ဖိုးမှမရရင် မလုပ်ဘဲထားတဲ့ ဝန်ထမ်းတွေ ပပျောက်ကုန်ကြမှာပဲဟ"

"တို့နိုင်ငံအတွက် အလွန်အားရဝမ်းသာစရာပါပဲကွာ၊ နိုင်ငံအကျိုးအတွက် အသီးသီးပြုပြင်သွားကြမယ်၊ ပြည်သူအားလုံးကပါ ဝိုင်းဝန်းပါဝင်ကြမယ်ဆိုရင် မလွဲမသွေအောင်မြင်မှာပါပဲ"

ထိုသို့စကားဝိုင်းဖွဲ့ရာမှ ကျွန်တော့်အတွေးပုံရိပ်တွင် မှန်ကန်သွက်လက်စွာ ဆောင်ရွက်နေသည့် နိုင်ငံတော်အစိုးရနှင့် အာဏာပိုင်အဖွဲ့များ၊ နိုင်ငံအကျိုး၊ ပြည်သူအကျိုး ရှေးရှု၍ စည်းကမ်းစနစ်ကျနစွာဖြင့် မှန်မှန်ကန်ကန် မျှမျှတတ ဆောင်ရွက်နေသည့် စီးပွားရေးလုပ်ငန်းရှင်များ၊ တာဝန်နှင့်စေတနာတွဲဖက်၍ လာဘ်လာဘကိုမမျှော်ကိုးဘဲ မြန်ဆန်သွက်လက်စွာ ဆောင်ရွက်ပေးနေသည့် ဝန်ထမ်းများနှင့် အမှားအမှန်ကို အသိတရားဖြင့် ခွဲခြားသိမြင် လုပ်ကိုင်နိုင်သော ပြည်သူများ၏ ပူးပေါင်းဆောင်ရွက်မှုဖြင့် အဂတိ လိုက်စားမှုနှင့် အကျင့်ပျက်မှုများ ကင်းစင်ပပျောက်သော နိုင်ငံတော်ကြီးအဖြစ် မြင်တွေ့နေရပြီဖြစ်ပါသည်။ ထိုမှတစ်ဆင့် အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်ကြီးအဖြစ်၊ စည်းကမ်းပြည့်ဝသော ဒီမိုကရေစီနိုင်ငံတော်ကြီးအဖြစ် များမကြာမီ အရောက်လှမ်းချိနိုင်တော့မည်ကိုပါ ဆက်လက်မြင်ယောင်နေမိပါတော့သည်။ ။

ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ အရှိန်အဟုန်ဖြင့် ဆောင်ရွက်လျက်ရှိ

ရန်ကုန် ဇန်နဝါရီ ၂၁

နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေး ဝန်ကြီးဌာန စည်ပင်သာယာရေးဦးစီးဌာန ကွပ်ကဲမှုအောက်ရှိ မြို့နယ်စည်ပင်သာယာရေးအဖွဲ့များသည် မြို့ပြ စည်ပင်သာယာရေးလုပ်ငန်းများနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို အရှိန်အဟုန်ဖြင့် ဆောင်ရွက်လျက်ရှိသည်။

အလားတူ ကချင်ပြည်နယ် ရွှေကူမြို့နယ် စည်ပင်သာယာရေးအဖွဲ့က ဆောင်ရွက်သော စံပြ ကျောက်ချောလမ်းသစ်ဖွင့်ပွဲကို ဇန်နဝါရီ ၁ရက်တွင် အဆိုပါ လမ်းသစ်မုခ်ဦး၌ ကျင်းပရာ မြို့နယ်ဥက္ကဋ္ဌနှင့် တာဝန်ခံ အင်ဂျင်နီယာတို့က ကျောက်ချောလမ်းသစ်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။ အဆိုပါ စံပြကျောက်ချောလမ်းသည် အရှည်ပေ ၁၁၂၀၊ အကျယ် ၁၂ပေရှိပြီး အဖွဲ့ရန်ပုံငွေဖြင့် ဆောင်ရွက်ခဲ့သည်။

ထို့အတူ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန စည်ပင်သာယာရေးဦးစီးဌာန ဒုတိယ အင်ဂျင်နီယာချုပ် ဦးခင်လတ်သည် ဇန်နဝါရီ ၁၁ရက်တွင် မိုင်းရယ်မြို့နယ် စည်ပင်သာယာရေးအဖွဲ့က ဆောင်ရွက်သော မဟိန်တန်လမ်းကို ကြည့်ရှုစစ်ဆေးခဲ့သည်။ ထို့ပြင် နောင်ချိုမြို့နယ် စည်ပင်သာယာရေးအဖွဲ့က ၂၀၀၄–၂၀၀၅ ဘဏ္ဍာရေးနှစ်တွင် မြို့တွင်းချယ်ရီလမ်းကို အရှည်ပေ ၆၆၀ ကတ္တရာခင်းပြီးစီးမှုနှင့် ကတ်တုံးပြုလုပ်ပြီးစီးမှုကို ရှမ်းပြည်နယ် (မြောက်ပိုင်း)စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးကြီးမြင့်နှင့် အမှုဆောင်အရာရှိဦးတင်နုတို့က ကြည့်ရှုစစ်ဆေးခဲ့သည်။

(သတင်းစဉ်)

တရားပွဲကျင်းပမည်

ရန်ကုန် ဇန်နဝါရီ ၂၁

ခနဖြူမြို့နယ် စံကင်းကျောက်တိုင်ရွာ အတုလဂုဏ်ရောင် ဓမ္မာရုံကျောင်းတိုက် နှစ် (၁၀၀)ပြည့် ပူဇော်ပွဲတွင် တပို့တွဲလဆန်း ၁ရက် ညဦးမန္တလေးမြို့ စာချအကျော်အဝေရာရာမ ရန်ကင်း ဆရာတော် အရှင်ဩဒါတသိရီဘိဝံသ၊ ၂ ရက်ညတွင် ယောဆရာတော် အရှင်သိရိန္ဒာဘိဝံသ၊၃ ရက်ညတွင်သပိတ်အိုင်ဆရာတော်ဒေါက်တာ အရှင်ဉာဏိဿရတို့က တရားတော်များ ဟောကြားတော်မူကြမည်ဖြစ်ပြီး ၄ ရက်တွင် ရွှေကျင်သာသနာပိုင် အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မ ဇောတိက ဇယမေဒိနီ ဝါဆို ဆရာတော်ကြီးများက အနုမောဒနာ တရားဟောကြားတော်မူမည်ဖြစ်သည်။

(က–ပ)

မြဝတီရုပ်မြင်သံကြားအစီအစဉ်

၂၂–၁–၂၀၀၅ (စနေနေ့)

နံနက်ပိုင်း

၇:၀၀	၁။ မြဝတီအဖွင့်
၇:၀၅	၂။ အဖွင့်သီချင်း
၇:၁၀	၃။ မျိုးချစ်တပ်မတော်
၇:၂၀	၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇:၃၀	၅။ မြန်မာသံစဉ်ချိုနှာဝင်
၇:၄၀	၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်
၇:၅၅	၇။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၈:၀၀	၈။ မြဝတီရုပ်မြင်သံကြားသတင်း
၈:၁၀	၉။ **ဆရာတော်ဦးယောသိတ တရားတော် "အဂ္ဂိဝစ္ဆသုတ်"**
၉:၁၀	၁၀။ အပိတ်နှုတ်ဆက်စကား
၉:၁၁	၁၁။ ပြီးပါပြီ။

ညပိုင်း

၄:၀၀	၁။ မြဝတီအဖွင့်
၄:၀၅	၂။ အဖွင့်သီချင်း
၄:၁၀	၃။ လက်စွမ်းပြဟန် ဂီတသံ
၄:၂၀	၄။ ချစ်သူစုံတွဲတူယှဉ်နွဲ
၄:၃၀	၅။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၄:၃၅	၆။ မြန်မာသံစဉ်ချိုနှာဝင်
၄:၄၅	၇။ မျိုးချစ်တပ်မတော်
၅:၀၀	၈။ **အဝေးသင်ပညာရေးပို့ချမှုအစီအစဉ်**အစီအစဉ် -Area Characteristics Between Complementary Places -(တတိယနှစ်-ပထဝီဝင်အထူးပြု) Drama Julius Caesar (တတိယနှစ်-အင်္ဂလိပ်စာ)
၅:၃၀	၉။ ကြည်နူးရွှင်ပျော်ဖွယ်တေးသရုပ်ဖော်
၅:၄၅	၁၀။ သာယာသီကြွေးခေတ်ဆန်းတေး
၆:၀၀	၁၁။ မြဝတီရုပ်မြင်သံကြားသတင်း
၆:၁၀	၁၂။ နိုင်ငံတကာသတင်း
၆:၂၀	၁၃။ မိုးလေဝသသတင်း
၆:၂၅	၁၄။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၆:၄၀	၁၅။ လျှပ်တစ်ပြက်ရိုက်ချက်
၇:၀၀	၁၆။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း "ငယ်ချစ်ဦး" (အပိုင်း–၃)**
၈:၀၀	၁၇။ မြဝတီရုပ်မြင်သံကြားသတင်း
	၁၈။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
	၁၉။ မြန်မာ့ရှုခင်း
	၂၀။ ယနေ့ညအတွက်မြဝတီ၏ တေးလက်ဆောင်
	၂၁။ **English Premier League ဘောလုံးပွဲ Manchester United Vs Aston Villa**
	၂၂။ သင့်အတွက်မနက်ဖြန်
	၂၃။ အပိတ်နှုတ်ဆက်စကား
	၂၄။ ပြီးပါပြီ။

ငပိဆိပ် လျှပ်စစ်မြစ်ရေတင်စီမံကိန်း မြန်အောင်မြို့နယ်၌ အကောင်အထည်ဖော် ဧရာဝတီမြစ်ရေကို စုပ်တင်၍ စိုက်ပျိုးမြေဧက ၇၀၀၀ ကို ရေပေးဝေနိုင်မည်

ရန်ကုန် ဇန်နဝါရီ ၂၁

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနသည် ဧရာဝတီတိုင်း ဟင်္သာတခရိုင် မြန်အောင်မြို့နယ် ငပိဆိပ်ကျေးရွာဒေသတွင် ဧရာဝတီမြစ်မှရေကို စုပ်တင်၍ စိုက်ပျိုးမြေဧက ၇၀၀၀ခန့်အား ရေပေးဝေနိုင်မည့်စီမံကိန်းကို ဆောင်ရွက်လျက်ရှိသည်။ ငပိဆိပ်လျှပ်စစ်မြစ်ရေတင်စီမံကိန်းသည် မြန်အောင်မြို့နယ် တောင်ဘက် ၁၃မိုင်အကွာတွင်တည်ရှိပြီး စီမံကိန်းဧရိယာတွင် ငပိဆိပ်၊ သရက်တော၊ လေးတူး၊ ညောင်တုံးလဲ၊ ဒေါင်းကျနှင့် သခွပ်ကွင်းကျေးရွာအုပ်စုများ ပါဝင်သည်။

စီမံကိန်းအရ ဧရာဝတီမြစ်အနောက်ဘက်ကမ်းပေါ်တွင် ရေပေါ်ရေတင်စက်ရုံကြီးများ တည်ဆောက်ကာ ရေတင်အဆင့် တစ်ဆင့်တွင် လျှပ်စစ်မော်တာများကို အသုံးပြုလျက် စိုက်ဧက ၇၀၀၀ ခန့်အား စိုက်ပျိုးရေပေးဝေသွားမည်ဖြစ်သည်။

ဓာတ်အားသွယ်တန်း

လျှပ်စစ်ပိုင်းဆိုင်ရာ သွယ်တန်းခြင်းလုပ်ငန်းအနေဖြင့် ကန်ဇွန်းခုံလျှပ်စစ်မြစ်ရေတင်စီမံကိန်းရှိ(၆၆/၁၁)ကေဗွီဓာတ်အားခွဲစက်ရုံမှတစ်ဆင့်(၁)ကေဗွီဓာတ်အားလိုင်းကို ငပိဆိပ်စီမံကိန်းသို့ အရှည်၁၂မိုင်သွယ်တန်းကာ ငပိဆိပ်မြစ်ရေတင်စီမံကိန်းအနီးရှိ (၁၁/၃၃)ကေဗွီ (2 MVA) ထရန်စဖော်မာ ဓာတ်အားခွဲရုံတစ်ခု တည်ဆောက်မည်ဖြစ်ပြီး ၎င်းဓာတ်အားခွဲရုံမှ (၃ ဒသမ ၃) ကေဗွီဓာတ်အားရယူ၍ ကီလိုဝပ် ၃၀၀ လျှပ်စစ်မော်တာငါးစုံသို့ ဓာတ်အားသွယ်တန်းယူမည်ဖြစ်သည်။

ငပိဆိပ်မြစ်ရေတင်စီမံကိန်းများကို ၂၀၀၂ခုနှစ် ဒီဇင်ဘာ ၁၂ရက်တွင် စတင်ဆောင်ရွက်ပြီး လုပ်ငန်းများအကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည်။

ငပိဆိပ်မြစ်ရေတင်စီမံကိန်းလုပ်ငန်း အကောင်အထည်ဖော်ဆောင်ရွက်ခြင်းအားဖြင့် မြန်အောင်မြို့နယ် ငပိဆိပ်ဒေသတွင် သီးနှံစိုက်ဧကများ တိုးချဲ့စိုက်ပျိုးလာနိုင်မည်ဖြစ်ပြီး ယခုအခါ လုပ်ငန်းများ ၉၀ရာခိုင်နှုန်းကျော် ပြီးစီးလျက်ရှိကြောင်း သိရသည်။ (၁၈၆)

ရေလွှဲအဆောက်အအုံ

ဧရာဝတီတိုင်း မြန်အောင်မြို့နယ် ငပိဆိပ် လျှပ်စစ်မြစ်ရေတင်စီမံကိန်း၏ မိုးမခချောင်း ရေလွှဲအဆောက်အအုံကို တွေ့ရစဉ်။ (ဓာတ်ပုံ-၁၈၆)

ရေထိန်းအဆောက်အအုံ

ဧရာဝတီတိုင်း မြန်အောင်မြို့နယ် ငပိဆိပ်လျှပ်စစ်မြစ်ရေတင်စီမံကိန်း၏ မြောင်းမကြီးနှင့် ရေထိန်းအဆောက်အအုံကို တွေ့ရစဉ်။

(ဓာတ်ပုံ-၁၈၆)

ရေပေးမြောင်းမကြီး

ဧရာဝတီတိုင်း မြန်အောင်မြို့နယ် ငပိဆိပ်လျှပ်စစ်မြစ်ရေတင်စီမံကိန်းတွင် ရေပေးမြောင်းမကြီးနှင့် မြောင်းဘေး မြေသားလမ်းကို တွေ့ရစဉ်။
(ဓာတ်ပုံ-၁၈၆)

ရွှေရတု နှစ်(၅၀)ပြည့် ပြည်နယ်နှင့် တိုင်း အမျိုးသားဘောလုံးပြိုင်ပွဲ ဆက်လက်ကျင်းပ

ရန်ကုန် ဇန်နဝါရီ ၂၁

ရွှေရတု နှစ်(၅၀)ပြည့် ပြည်နယ်နှင့် တိုင်း ပြည်ထောင်စုဒိုင်း အလွတ်တန်း အမျိုးသားဘောလုံးပြိုင်ပွဲကို ယနေ့ ညနေပိုင်းတွင် သတ်မှတ်ထားသည့် ဇုန်များ၌ ဆက်လက်ကျင်းပသည်။

မန္တလေးဇုန်၌ ကျင်းပသော ပြိုင်ပွဲတွင် (ခ)အုပ်စုမှ ရန်ကုန်တိုင်းနှင့် ကယားပြည်နယ်တို့ ယှဉ်ပြိုင်ကစားကြရာ ရန်ကုန်တိုင်းက ငါးဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိသွားသည်။ ယင်းပြိုင်ပွဲတွင် ပွဲစဉ်အလိုက် အကောင်းဆုံးဘောလုံးသမားဆုကို ရန်ကုန်တိုင်းမှ ခင်မောင်ဦးက ရရှိသွားသည်။

ယှဉ်ပြိုင်ကစား

ပဲခူးဇုန်၌ ကျင်းပသော ပြိုင်ပွဲတွင် (ဃ)အုပ်စုမှ စစ်ကိုင်းတိုင်းနှင့် ကရင်ပြည်နယ်တို့ ယှဉ်ပြိုင်ကစားကြရာ စစ်ကိုင်းတိုင်းက ငါးဂိုး-နှစ်ဂိုးဖြင့် အနိုင်ရရှိသွားသည်။ ယင်းပြိုင်ပွဲတွင် ပွဲစဉ်အလိုက် အကောင်းဆုံး ဘောလုံးသမားဆုကို စစ်ကိုင်းတိုင်းမှ သန့်ဇင်က ရရှိသွားသည်။ (သတင်းစဉ်)

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန

ကြေးတိုင်းနှင့်မြေစာရင်းဦးစီးဌာန

အာဆီယံ+၃ နိုင်ငံများမှ လယ်ယာသတင်းအချက်အလက်ဆိုင်ရာ ညွှန်ကြားရေးမှူးချုပ်များအစည်းအဝေး

နှင့်

အာဆီယံရိက္ခာလုံခြုံရေးသတင်းစနစ်စီမံကိန်းအကောင်အထည်ဖော်ရေးဆိုင်ရာတတိယအကြိမ်အစည်းအဝေး

၂၀၀၅ခုနှစ်၊ ဇန်နဝါရီလ (၂၄)ရက်နေ့မှ (၂၈)ရက်နေ့အထိ

ကန်တော်ကြီးပဲလေ့ဟိုတယ်၊ ရန်ကုန်မြို့။

မြန်မာ့သမဝါယမနှစ်(၁၀၀)ပြည့်အထိမ်းအမှတ် ပုဂံစူပါမားကက် ဖွင့်လှစ် ရောင်းချ

ရန်ကုန် ဇန်နဝါရီ ၂၁

မြန်မာ့သမဝါယမ နှစ်(၁၀၀)ပြည့် အထိမ်းအမှတ်အဖြစ် မြစိမ်းရှင် သမဝါယမအသင်းလီမိတက်သည် ရန်ကုန်မြို့ ဗဟန်းမြို့နယ် ဆရာစံလမ်းနှင့် တက္ကသိုလ်ရိပ်သာလမ်းသစ်ထောင့်ရှိ သမဝါယမ ကုန်သန်းရောင်းဝယ်ရေး ဗဟိုဌာန(ဆရာစံပလာဇာ)မြေညီထပ်၌ ပုဂံစူပါမားကက်ကို ဖွင့်လှစ်လျက်ရှိသည်။

ရောင်းချပေးလျက်ရှိ

ပုဂံစူပါမားကက်၌ တီဗီ၊ ရေခဲသေတ္တာ၊ အဲယားကွန်းနှင့် လျှပ်စစ်ပစ္စည်းအမျိုးမျိုး၊ စားသောက်ကုန်ပစ္စည်းအမျိုးမျိုး၊ ပန်းချီပန်းပု အနုပညာပစ္စည်း၊ လက်ဆောင်ပစ္စည်း၊ ယွန်းထည်ပစ္စည်းအမျိုးမျိုး၊ အဝတ်အထည်နှင့် အလှကုန်ပစ္စည်းအမျိုးမျိုး၊ လူသုံး/အိမ်သုံး ပစ္စည်းအမျိုးမျိုး၊ သားငါးနှင့် ဟင်းသီးဟင်းရွက်၊ အသီးအနှံတို့ကို ပစ္စည်းမှန်ဈေးမှန်ဖြင့် ပိတ်ရက်မရှိ နေ့စဉ် နံနက် ၉နာရီမှ ည၉နာရီအထိ ရောင်းချ ပေးလျက်ရှိသည်။

(သတင်းစဉ်)

တိမ်အသင့်အတင့်

ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ တိမ်အသင့်အတင့်ဖြစ်ထွန်းမည်။

ဟုမ္မလင်းမြို့နယ် နောင်ပိုအောင်ကျေးရွာအနီး ဥရုမြစ်ကိုဖြတ်ကျော်၍ ကြိုးတံတားတည်ဆောက် တိုင်းမှူး ဗိုလ်ချုပ်သာအေး ကြည့်ရှုစစ်ဆေး

ရန်ကုန် ဇန်နဝါရီ ၂၁

စစ်ကိုင်းတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အနောက်မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သာအေးသည် ဌာနဆိုင်ရာတာဝန်ရှိသူများ လိုက်ပါလျက် ဇန်နဝါရီ ၁၁ရက် ညနေပိုင်းတွင် ဟုမ္မလင်းမြို့နယ် ဥရုမြစ်ကူးတံတား တည်ဆောက်ရေးစီမံကိန်းသို့ ရောက်ရှိရာ စီမံကိန်းရှင်းလင်းဆောင်တွင် တိုင်းမှူးအား တာဝန်ခံအင်ဂျင်နီယာမှူးကြီး ဦးချစ်က တံတားတည်ဆောက်ပြီးစီးမှုနှင့် ဆောက်လုပ်ရေးပစ္စည်းများ ရောက်ရှိမှု အခြေအနေများကို ရှင်းလင်းတင်ပြပြီး တိုင်းမှူးက လုပ်ငန်းခွင်အတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးကာ တာဝန်ရှိသူများအား တည်ဆောက်ရေးလုပ်ငန်းများ သတ်မှတ်ကာလအတွင်း စံချိန်စံညွှန်းပြည့်မီစွာဖြင့် ပြီးစီးအောင် တည်ဆောက်ရန် ဆွေးနွေးမှာကြားသည်။

အဆိုပါမြစ်ကူးတံတားမှာ ဟုမ္မလင်းမြို့နယ် နောင်ပိုအောင်ကျေးရွာအနီး သက္ကယ်ကျင်း-ဖောင်းပြင်-ဟုမ္မလင်း-ခန္တီးလမ်းပေါ်တွင် ဥရုမြစ်ကိုဖြတ်၍ တည်ဆောက်လျက်ရှိပြီး အရှည်ပေ ၁၀၉၀ရှိ၍ ပင်မတံတားမှာ သံမဏိသံပေါင် တစ်လမ်းသွားကြိုးတံတားနှင့် ချဉ်းကပ်တံတားမှာ သံကူကွန်ကရစ်ကိုယ်ထည်နှင့် သံကူကွန်ကရစ်ကြမ်းခင်းရက်မဖြစ်သည်။ (သတင်းစဉ်)

ကျိုက်သလ္လံစေတီတော် ဘက်စုံပြုပြင်မှုအတွက် ဆက်သွယ်လှူဒါန်းနိုင်

ရန်ကုန် ဇန်နဝါရီ ၂၁

မွန်ပြည်နယ် မော်လမြိုင်မြို့ရှိ သွားတော်ဓာတ်နှင့် ဆံတော်ရှင်သမိုင်းဝင် ကျိုက်သလ္လံ စေတီတော်မြတ်ကြီး၏ပရိဝုဏ်အတွင်း၊အပြင် ဘက်စုံပြုပြင် တည်ဆောက်မှုလုပ်ငန်းများ စတင် ဆောင်ရွက်လျက်ရှိသည်။ တည်ဆောက်မှု လုပ်ငန်းများအတွက် ပါဝင် လှူဒါန်းလိုသူ များသည် ကျိုက်သလ္လံ စေတီတော်မြတ်ကြီး ဖုန်း-၀၅၇-၂၁၃၃၄၊ မော်လမြိုင်ခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး တင်အောင် ဖုန်း-၀၅၇-၂၄၈၇၈ နှင့် ဘဏ္ဍာတော်ထိန်း ဂေါပကအဖွဲ့ဘဏ္ဍာရေးမှူး ဦးခင်မောင်ဝင်း ဖုန်း-၀၅၇-၂၃၀၀၄ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်းသိရသည်။ (က-ပ)

မြောင်းမြမြို့ (၁၂)လမ်း အမှတ်(၃)နေ ဒေါ်သန်းစိန်အား ရည်စူး၍ ဦးကျော်အေး-ဒေါ်ခင်ညွန့်၊ သား ဦးမိုးကျော်ဦးတို့က မဟာဝိဇယစေတီတော်ကြီး သတ္တမအကြိမ်မြောက် ရွှေသင်္ကန်းတော်များ ကပ်လှူရန်အတွက် ဒီဇင်ဘာ ၃၀ ရက်က အလှူငွေကျပ် သိန်း ၁၀၀ လှူဒါန်းရာ ဂေါပကအဖွဲ့ဥက္ကဋ္ဌ ဦးဘုန်းကျော် လက်ခံယူစဉ်။ (က-ပ)

ပြည်သူ့ဝန်ထမ်း

- ❑ သိက္ခာကျင့်ဝတ်၊ သွေမရွှတ်
  ခါးဝတ်ပမာ၊ မြဲလိုက်နာ။
- ❑ ကြွားဝါပလွှား၊ ဆောင့်ကြွားကြွား
  ရှောင်ရှားမမေ့၊ သိမ်သိမ်မွေ့။
- ❑ သင့်သင့် မြတ်မြတ်၊ ဆက်ဆံတတ်
  မပြတ်ကြိုးစား၊ ပြည်သူ့အကြား။
- ❑ တာဝန်ကျရာ၊ စိတ်လက်ပါ
  ကျေးရွာ ဖွံ့ဖြိုး၊ အားသွန်ကြိုး။
- ❑ ပြည်သူ့စီးပွား၊ မိသားစုအလား
  ကြိုးစားဖော်ဆောင်၊ အောင်မြင်အောင်။ ။

ကျော်စောဟန်

ပြင်သစ်နိုင်ငံ ပါရီမြို့ ထေရဝါဒ ဗုဒ္ဓသာသနာပြု မြန်မာကျောင်းတော်ကြီး ဖြစ်မြောက်ရေး ကော်မတီရုံးခန်း (ဗဟန်း ၃-လမ်း မှတ်တိုင်အနီး) တွင် အမှတ်(၁၇၃) (၃၅)လမ်းအလယ် ကျောက်တံတားမြို့နယ်နေ မောင်နန္ဒရဲရင့်ဝင်း-မအိသီရိဇော်တို့၏ (မင်္ဂလာဦးအလှူ) အဖြစ် ငွေကျပ် တစ်သိန်းကို ဦးမျိုးခင်(အဖွဲ့ဝင်)သို့ ပေးအပ်လှူဒါန်းစဉ်။ (က-ပ)

ပဲခူးရိုးမ စိမ်းလန်းစိုပြည်ရေးလုပ်ငန်းများ မန္တလေးတိုင်း ညွှန်ကြားရေးမှူး စစ်ဆေး

ရန်ကုန် ဇန်နဝါရီ ၂၁

အပူပိုင်းဒေသ စိမ်းလန်းစိုပြည်ရေး ဦးစီးဌာန မန္တလေးတိုင်း ညွှန်ကြားရေးမှူး ဦးမင်းဒင်သည် ဇန်နဝါရီ ၁၄ရက်မှ ၁၅ရက်အထိ သက်ဆိုင်ရာ ခရိုင် မြို့နယ်များမှ တာဝန်ခံများ လိုက်ပါလျက် မန္တလေးတိုင်း ရမည်းသင်းခရိုင်အတွင်း ၂၀၀၄-၂၀၀၅ ခုနှစ် ပဲခူးရိုးမ စိမ်းလန်းစိုပြည်ရေး အထောက်အကူပြု တပ်ကုန်းမြို့နယ် လွှတံကြီးဝိုင်း ရေဝေရေလဲစိုက်ခင်းဧက ၅၀၀၊ရမည်းသင်းမြို့နယ် သစ်ဆုံကြီးပြင်ကာကွယ်တော ကျေးရွာသုံး ထင်းစိုက်ခင်းဧက ၆၀၊အင်းကုန်းကျေးရွာ ဒေသခံ ထင်းစိုက်ခင်း ၁၀ဧက၊ တပ်ကုန်းမြို့နယ်နှင့် ရမည်းသင်းမြို့တို့ရှိ ၂၀၀၅-၂၀၀၆ ခုနှစ် ရေဝေရေလဲစိုက်ခင်းဧက ၁၈၃၀နှင့် ကျေးရွာသုံး ထင်းစိုက်ခင်း ၁၁၅ဧကတို့၏ ကျင်းတူးခြင်းလုပ်ငန်းများ၊ ပျိုးဥယျာဉ်များကို ကြည့်ရှုစစ်ဆေးသည်။

မှာကြား

ထို့နောက် မန္တလေးတိုင်း ညွှန်ကြားရေးမှူးသည် သက်ဆိုင်ရာ ခရိုင်၊ မြို့နယ် တာဝန်ခံများအား ကြံ့ခိုင်သန်စွမ်းသော ပျိုးပင်များရရှိ စိုက်ပျိုးနိုင်ရန်အတွက် စနစ်တကျ ပြုစုပျိုးထောင်ရေး၊ မီးကာကွယ်ခြင်းလုပ်ငန်းများ စီမံချက်အတိုင်း စနစ်တကျဆောင်ရွက်ရေး၊ ဒေသခံပြည်သူများက သစ်တောစိုက်ခင်းများ ထိန်းသိမ်းပြုစုရေးတွင် ပူးပေါင်းပါဝင်ဆောင်ရွက်လာစေရန် အလေးထား ဆောင်ရွက်ရေးတို့ကို မှာကြားသည်။ (သတင်းစဉ်)

မွန်ပြည်နယ် ကျိုက်ထိုမြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ ၂၀၀၄-၂၀၀၅ ဘဏ္ဍာရေးနှစ်အတွင်း ငွေကျပ် ၂၁သိန်းကျော် အကုန်အကျခံ၍ သိမ်ဇရပ်-စီးပြောင်း(၅)ကျေးရွာသွား မြေသားလမ်း ၂မိုင် ၁၅ပေအား စက်ယန္တရားများဖြင့် ဆောင်ရွက်မှုကို ဇန်နဝါရီ ၂၀ရက်က မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးမျိုးဆန်းနှင့် တာဝန်ခံအင်ဂျင်နီယာ ဦးတင်ထွန်းတို့က ကြီးကြပ်ဆောင်ရွက်ပေးကြစဉ်။ (မြို့နယ်/စည်ပင်)

ကာကွယ်ဆေး တိုက်ကျွေးထိုးနှံရေးဆိုင်ရာ ပညာပေးဟောပြော

ရန်ကုန် ဇန်နဝါရီ ၂၁

မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် လူမှုရေးနှင့် ယဉ်ကျေးမှုလုပ်ငန်းအဖွဲ့ ကျန်းမာရေးလုပ်ငန်းအဖွဲ့ခွဲမှ ဆောင်ရွက်သည့် ကာကွယ်ဆေးတိုက်ကျွေးထိုးနှံရေးဆိုင်ရာ ပညာပေးဟောပြောပွဲကို ယနေ့နံနက် ၁၀နာရီတွင် ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ် အမှတ်(၁)စစ်မှုထမ်းဟောင်း စံပြရွာ တိုက်နယ်ဆေးရုံ၌ ကျင်းပသည်။

ပညာပေးဟောပြော

အခမ်းအနားတွင် မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် ကျန်းမာရေးလုပ်ငန်းအဖွဲ့ခွဲ အတွင်းရေးမှူး ဒေါက်တာဒေါ်သက်သက်ဇင်က အမှာစကားပြောကြားပြီး **(အပေါ်ပုံ)** ကျန်းမာရေးဦးစီးဌာန တိုးချဲ့ကာကွယ် ဆေးထိုးလုပ်ငန်း စီမံချက် လက်ထောက်စီမံချက်မန်နေဂျာ ဒေါက်တာဒေါ်ခင်လှိုင်ဝေက ကာကွယ်ဆေး တိုက်ကျွေးထိုးနှံရေးဆိုင်ရာများကို ပညာပေးဟောပြောသည်။

ဟောပြောပွဲအပြီးတွင် ကာကွယ်ဆေးတိုက်ကျွေးခြင်းလုပ်ငန်းနှင့် ပတ်သက်သည့် ဉာဏ်စမ်း ပဟေဠိများကို ဖြေဆိုကြပြီး အဖြေမှန်ဖြေဆိုသူများကို မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် ကျန်းမာရေးလုပ်ငန်းအဖွဲ့ခွဲ အဖွဲ့ဝင်များက ဆုများချီးမြှင့်ကြသည်။ (သတင်းစဉ်)

ဖဲကြိုးဖြတ်ဖွင့်လှစ်

ညောင်တုန်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ လမ်းပန်းဆက်သွယ်မှု တိုးတက်ကောင်းမွန်ရေးအတွက် တာဝန်ယူဆောင်ရွက်ခဲ့သော ညောင်တုန်းမြို့ အမှတ်(၈) ရပ်ကွက် အောင်ရတနာလမ်း ကတ္တရာလမ်းသစ်ဖွင့်ပွဲကို ဒီဇင်ဘာ ၂၄ ရက်က ကျင်းပရာ ညောင်တုန်းမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌဦးထွန်းဇော်၊ မြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးခင်မောင်မြင့်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်စဉ်။ (ဖဖဖ)

ဗန်းမော်ခရိုင်အတွင်း ဒေသဖွံ့ဖြိုးတိုးတက်ရေး တိုင်းမှူး ဗိုလ်ချုပ်မောင်မောင်ဆွေ လုပ်ငန်းများ စစ်ဆေး

ရန်ကုန် ဇန်နဝါရီ ၂၁

ကချင်ပြည်နယ် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ မြောက်ပိုင်းတိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မောင်မောင်ဆွေသည် ဌာနဆိုင်ရာတာဝန်ရှိသူများလိုက်ပါလျက် ဇန်နဝါရီ ၁၂ရက် နံနက် ၁၁နာရီက မိုးမောက်မြို့နယ် နားလုံကျေးရွာ အခြေခံပညာအလယ်တန်းကျောင်းသို့ရောက်ရှိရာ တိုင်းမှူးအား တာဝန်ရှိသူများက ကျောင်းဆောင်သစ် ဆောက်လုပ်မှုအခြေအနေနှင့် ပညာသင်ကြားရေးဆိုင်ရာများကို ရှင်းလင်းတင်ပြကြပြီး တင်ပြချက်များအပေါ် တိုင်းမှူးက လိုအပ်သည်များ မှာကြား ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ကြည့်ရှုစစ်ဆေး

မွန်းလွဲပိုင်းတွင် တိုင်းမှူးသည် မိုးမောက်မြို့နယ် ဒေါ်ဖုန်းယန်မြို့သို့ရောက်ရှိပြီး အခြေခံပညာ အထက်တန်းကျောင်းဆောင်သစ် ဆောက်လုပ်မှုလုပ်ငန်းခွင်သို့ လည်းကောင်း၊ သိန်လုံ-မခွယ်ကျောက်ခင်း အမာခံလမ်း ဖောက်လုပ်နေမှု လုပ်ငန်းခွင်သို့ လည်းကောင်း လှည့်လည်ကြည့်ရှုစစ်ဆေးကာ တာဝန်ရှိသူများအား လိုအပ်သည်များ မှာကြားသည်။

ထိုမှတစ်ဆင့် တိုင်းမှူးသည် မခွယ်ကျေးရွာအုပ်စုအတွင်းရှိ နောင်ကုန်းအင်းသို့ရောက်ရှိရာ ရှင်းလင်းဆောင်၌ တိုင်းမှူးအား တာဝန်ရှိသူများက ဒေသဖွံ့ဖြိုးရေး လုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများကို ရှင်းလင်းတင်ပြကြပြီး တိုင်းမှူးက တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ မှာကြား ဖြည့်ဆည်းပေးသည်။

ထို့နောက် တိုင်းမှူးက မခွယ်ကျေးရွာ အခြေခံပညာအထက်တန်းကျောင်းခွဲ ဆရာ၊ ဆရာမများဝန်ထမ်းအိမ်ရာ ဆောက်လုပ်ရန် ငွေကျပ် ၁၀သိန်း၊ ဘိလပ်မြေနှင့် အမိုးသွပ်များကို လည်းကောင်း၊ လွဲဆည်ကျေးရွာ အခြေခံပညာ မူလတန်းကျောင်း ဆောက်လုပ်ရန် ငွေကျပ်၁၀သိန်း၊ နောင်စန်းကျေးရွာ အခြေခံပညာ မူလတန်းကျောင်းသစ်တည်ဆောက်ရေးအတွက် ငွေကျပ် ၁၀သိန်းနှင့် ဘိလပ်မြေ၊ အမိုးသွပ်နှင့် ဆောက်လုပ်ရေး လုပ်ငန်းသုံးပစ္စည်းများကို ထောက်ပံ့ပေးအပ်ရာ တာဝန်ရှိသူများက လက်ခံရယူကြသည်။

ထောက်ပံ့ ပေးအပ်

ယင်းနောက် တိုင်းမှူးသည် မခွယ်ကျေးရွာ အခြေခံပညာ အထက်တန်းကျောင်းခွဲသို့လည်းကောင်း၊နောင်ကွန်ကျေးရွာ အခြေခံပညာ အလယ်တန်းကျောင်းသို့လည်းကောင်းသွားရောက်ကြည့်ရှုစစ်ဆေးကာ နောင်ကွန်ကျေးရွာ အခြေခံပညာအလယ်တန်းကျောင်း ကျောင်းဆောင်သစ် ဆောက်လုပ်ရန် ငွေကျပ် သိန်း ၅၀နှင့် ဘိလပ်မြေနှင့် အမိုးသွပ်များကို ထောက်ပံ့ပေးအပ်သည်။

ညနေ ၆ နာရီတွင် တိုင်းမှူးသည် မိုးမောက်မြို့နယ်၌ကျင်းပသည့် နိုင်ငံတော်မှ မိုးမောက်မြို့နယ် အရန်မီးသတ်တပ်ဖွဲ့သို့ မီးသတ်မော်တော်ယာဉ် လွှဲပြောင်းပေးအပ်ပွဲ အခမ်းအနားသို့ တက်ရောက် အမှာစကားပြောကြားသည်။

လွှဲပြောင်းပေးအပ်

ထို့နောက် တိုင်းမှူးက မီးသတ်ယာဉ်နှင့် စာရွက်စာတမ်းများကို ဗန်းမော်ခရိုင် မီးသတ်ဦးစီးဌာနဒုတိယဦးစီးမှူး ဦးချစ်မောင်သို့ လွှဲပြောင်းပေးအပ်သည်။

ဇန်နဝါရီ ၁၃ ရက် နံနက်ပိုင်းတွင် တိုင်းမှူးသည် ဒေါ်ဖုန်းယန်မြို့သို့ရောက်ရှိပြီး ဒေါ်ဖုန်းယန်-သိန်လုံ လမ်းဖောက်လုပ်ပြီးစီးမှု အခြေအနေများကိုလည်းကောင်း၊ ဒေါ်ဖုန်းယန်မြို့နယ်၊ ဖာကေကျေးရွာ အခြေခံပညာ အလယ်တန်း ကျောင်းဆောင်သစ် ဆောက်လုပ်နေမှု အခြေအနေများကို လည်းကောင်း လှည့်လည်ကြည့်ရှုစစ်ဆေးကာ တာဝန်ရှိသူများအား လိုအပ်သည်များ မှာကြားဖြည့်ဆည်းဆောင်ရွက်ပေးသည်။ (သတင်းစဉ်)

ဇန်နဝါရီ ၂၁ ရက်က လှိုင်မြို့နယ် MICT Park ၌ ပြုလုပ်သည့် စတုတ္ထအကြိမ် မြန်မာအိုင်စီတီ ရက်သတ္တပတ်-၂၀၀၅ တွင် Myanmar Technology Gateway ပြခန်းအား ပြပွဲလာပရိသတ်များ စိတ်ဝင်စားစွာ ကြည့်ရှုနေစဉ်။ (က-ပ)

စက်မောင်းဆီ ချွေတာဖို့ သဘာဝဓာတ်ငွေ့ယာဉ်များ သုံးစွဲစို့

- **မော်တော်ယာဉ်များတွင် ဓာတ်ဆီ၊ ဒီဇယ်ဆီအစား သဘာဝဓာတ်ငွေ့ အစားထိုး သုံးစွဲနိုင်သည်။**
- **သဘာဝဓာတ်ငွေ့ သုံးစွဲခြင်းဖြင့် စက်မောင်းဆီ ချွေတာနိုင်သည့်အပြင် အင်ဂျင်သက်တမ်းကိုလည်း ပိုရှည်စေသည်။**
- **ပြည်တွင်းထွက် သဘာဝဓာတ်ငွေ့ကို အကျိုးရှိရှိ၊ လုံခြုံစိတ်ချစွာ အသုံးပြုနိုင်သည်။**
- **သဘာဝဓာတ်ငွေ့သည် ရာနှုန်းပြည့် လောင်ကျွမ်းမှုရှိသဖြင့် ပတ်ဝန်းကျင်သန့်ရှင်းမှုကို အထောက်အကူပြုသည်။**
- **အလုံအလောက်သုံးစွဲနိုင်သဖြင့် ခရီးသည်ပို့ဆောင်ရေးနှင့် ကုန်စည်စီးဆင်းမှု ပိုမိုမြန်ဆန် သွက်လက်စေသည်။**

ပထမအကြိမ် အဲယားပုဂံဂေါက်သီးရိုက်ပြိုင်ပွဲ ဒုတိယနေ့(၁၈)ကျင်းပြိုင်ပွဲ ဆက်လက်ကျင်းပ



ရန်ကုန် ဇန်နဝါရီ ၂၁

Myanmar PGA နှင့် မြန်မာနိုင်ငံ ဂေါက်သီးရိုက်အဖွဲ့ချုပ်တို့က ကြီးမှူး၍ Air Bagan Ltd က အဓိက ကူညီပံ့ပိုးသည့် ၂၀၀၅ ခုနှစ် ပထမအကြိမ် Air Bagan Open Golf Championship ဂေါက်သီးရိုက်ပြိုင်ပွဲကို ယနေ့နံနက် ၈ နာရီတွင် မန္တလေးတိုင်း ညောင်ဦးမြို့နယ်ရှိ ပုဂံဂေါက်ကွင်း၌ ဆက်လက်ကျင်းပရာ Myanmar PGA နှင့် မြန်မာနိုင်ငံ ဂေါက်သီးရိုက်အဖွဲ့ချုပ် ဥက္ကဋ္ဌ ဗိုလ်ချုပ်ဝင်းလှိုင်(ငြိမ်း)နှင့် အမှုဆောင်များ၊ Air Bagan Ltd Chairman ဦးတေဇနှင့်တာဝန်ရှိသူများနှင့် ဒေသခံ ဂေါက်သီးရိုက် အားကစား မောင်မယ်များ တက်ရောက်ကြည့်ရှု အားပေးကြသည်။

ပြိုင်ပွဲ၏ ဒုတိယနေ့ (၁၈) ကျင်းကစားအပြီး၌ Professional Golfers ပြိုင်ပွဲတွင် ဇော်ပိုင်ဦး (Srixon) က ၇၃+၇၃ ပေါင်း ၁၄၆ ချက်ဖြင့် ဦးဆောင်ကစားလျက်ရှိသည်။

သန်းနိုင် (Wilson) က ၇၄+၇၃ နှင့် မင်းလွင်ဦး (Wilson) က ၇၂+၇၅ ပေါင်း ၁၄၇ ချက်စီဖြင့် ဒုတိယလိုက်ကြပြီး အေးလွင် (Wilson) က ၇၁+၇၇ ပေါင်း ၁၄၈ ချက်ဖြင့် တတိယလိုက်နေသည်။

အမျိုးသား အပျော်တမ်းပြိုင်ပွဲတွင် ဇော်ဇင်ဝင်းက ဒုတိယနေ့ပြိုင်ပွဲတွင် ပင်ကိုလက်စွမ်းပြပြီး သတ်မှတ်ရိုက်ချက်ထက် သုံးချက်လျော့ရိုက်ကာ ၇၂+၆၉ ပေါင်း ၁၄၁ ချက်ဖြင့် ဦးဆောင် ကစားလျက်ရှိသည်။

သိန်းဇော်မြင့်က သတ်မှတ်ရိုက်ချက်ထက် နှစ်ချက်လျော့ရိုက်ပြီး ၇၁+၇၁ ပေါင်း ၁၄၂ချက်ဖြင့် ဒုတိယလိုက်ပြီး အောင်ဝင်းက သတ်မှတ်ရိုက်ချက်ထက် နှစ်ချက် လျော့ရိုက်ကာ ၇၇+၇၀ပေါင်း ၁၄၇ ချက်ဖြင့် တတိယလိုက်နေသည်။

အဆိုပါ ပြိုင်ပွဲတွင် ယှဉ်ပြိုင်လျက်ရှိသော ဂေါက်သီးရိုက် အားကစားသမားများအတွက် Official Hotel အဖြစ် Myanmar Treasure Resort Hotel ကို သတ်မှတ်ထားပြီး ပြိုင်ပွဲဖြစ်မြောက် အောင်မြင်ရေးအတွက် Organized by Han Event Management က တာဝန်ယူ ဆောင်ရွက်ပေးလျက်ရှိသည်။

ဇန်နဝါရီ ၂၂ရက် နံနက် ၈ နာရီတွင် တတိယနေ့ (၁၈)ကျင်းပြိုင်ပွဲကို ယင်းဂေါက်ကွင်း၌ ဆက်လက်ကျင်းပမည်ဖြစ်သည်။ (သတင်းစဉ်)

ပါဝင်ယှဉ်ပြိုင်

၂၀၀၅ခုနှစ် ပထမအကြိမ် Air Bagan Open Golf Championship **ဂေါက်သီးရိုက်ပြိုင်ပွဲ** Professional Golfers **ပြိုင်ပွဲတွင် ဒုတိယနေ့ ပြိုင်ပွဲ၌ ဦးဆောင်ကစားလျက်ရှိသော ဇော်ပိုင်ဦး** (Srixon) **ပါဝင်ယှဉ်ပြိုင်စဉ်။**

(ဂေါက်သီးရိုက်အဖွဲ့ချုပ်)

အိမ်တော်ရာစေတီတော် (၁၅၆)ကြိမ်မြောက် ဗုဒ္ဓပူဇနီယ ဆွမ်းဆန်စိမ်းလောင်းလှူမည်

ရန်ကုန် ဇန်နဝါရီ ၂၁

ရန်ကုန်တိုင်း ဒဂုံမြို့နယ် မြို့မကျောင်းလမ်းရှိ သမိုင်းဝင် မဟာဓမ္မရံသီ အိမ်တော်ရာ စေတီတော်မြတ်ကြီး၏ (၁၅၆) ကြိမ်မြောက် ဗုဒ္ဓပူဇနီယပွဲတော် ဆွမ်းဆန်စိမ်းလောင်းလှူပွဲကို ပြာသိုလပြည့်နေ့၊ ဇန်နဝါရီ ၂၄ ရက် (တနင်္လာနေ့) ညနေ ၃ နာရီတွင် စေတီတော်ရင်ပြင်တော်ပေါ်၌ ကျင်းပမည်ဖြစ်သည်။

ယင်းလောင်းလှူပွဲအခမ်းအနားသို့ နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ဝင် ဆရာတော်ကြီးများ၊ ဩဝါဒါစရိယ ဆရာတော်ကြီးများ အပါအဝင် သံဃာတော် ၆၃ ပါး ကြွရောက်တော်မူမည်ဖြစ်သဖြင့် အလှူရှင်များ တက်ရောက် လှူဒါန်းနိုင်ကြောင်းနှင့် ဖုန်း-၃၈၃၇၉၄ သို့ ဆက်သွယ်မေးမြန်းလှူဒါန်းနိုင်သည်။ (ကြေးမုံ)

မြန်မာနိုင်ငံ တိုင်းရင်းဆေးဆရာများအသင်း (သာကေတမြို့နယ်)မှ မြန်မာနိုင်ငံ တိုင်းရင်းဆေးဆရာများအသင်း သင်းလုံးကျွတ်အစည်းအဝေးကို ကြိုဆိုထောက်ခံသောအားဖြင့် **ဓိနမာရ်အောင် စေတီတော်ကြီး၏** (၁၈)ကြိမ်မြောက် ဗုဒ္ဓပူဇနီယပွဲတော်ကြီးတွင် ဘုရားဖူးလာသူ ပြည်သူများအား သုံးရက်တိုင် ကုသိုလ်ဖြစ် အခမဲ့ ဆေးကုသမှုနှင့် ဆေးလှူဒါန်းပွဲကို ဇန်နဝါရီ ၂၀ ရက် ညနေ ၃ နာရီက **ဓိနမာရ်အောင် စေတီတော်ကြီး၏** အနောက်ဘက်မုခ်ဦးရှေ့တွင် ဖွင့်ပွဲ အခမ်းအနား ကျင်းပရာ စေတီတော်ဂေါပကအတွင်းရေးမှူး ဦးလှထွန်း၊ မြို့နယ်တိုင်းရင်းဆေးဆရာ အသင်းဥက္ကဋ္ဌ ဦးကျော်ခင်နှင့် ဆေးခန်းမှူး ဒေါ်သီသီငြိမ်းတို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြစဉ်။ (၁၁၈)

မြန်မာ့ရုပ်မြင်သံကြားအစီအစဉ်

၂၂-၁-၂၀၀၅ (စနေနေ့)

နံနက်ပိုင်း

- ၇:၀၀ ၁။ **အဘိဓမ္မာမဟာ သဒ္ဓမ္မဇောတိက တောင်တန်းသာသနာပြု ဆရာတော်ကြီး ဦးဥတ္တမသာရ၏ ပရိတ်တရားတော်**
- ၇:၂၅ ၂။ ကျန်းမာဖို့အတူကစားစို့
- ၇:၃၀ ၃။ နံနက်ခင်းသတင်း
- ၇:၄၀ ၄။ သံသာချိုအေးမင်္ဂလာတေး
- ၇:၅၀ ၅။ အကပဒေသာ
- ၈:၀၀ ၆။ အရေးပြိုင်ပွဲ
- ၈:၁၀ ၇။ ကျောက်ကြီးပေါက်တံတား
- ၈:၂၀ ၈။ တေးဂီတအစီအစဉ်
- ၈:၃၀ ၉။ International News.
- ၈:၄၅ ၁၀။ Grammar Made Easy.
- ၉:၀၀ ၁၁။ အစီအစဉ်ပြီး၏။

နေ့လယ်ပိုင်း

- ၁၁:၀၀ ၁။ စစ်သည်တေး
- ၁၁:၁၅ ၂။ တေးဂီတအစီအစဉ်
- ၁၁:၃၀ ၃။ ပြည်တွင်းသတင်း
- ၁၁:၄၀ ၄။ ချစ်စရာ့အရွယ်ကစားကြမယ်
- ၁၂:၀၅ ၅။ တစ်ပတ်အတွင်းရုပ်မြင်သံကြား ပြည်တွင်းသတင်းစဉ်
- ၁၂:၁၅ ၆။ **နိုင်ငံခြားဇာတ်လမ်းတွဲ ချစ်ပန်းမေတ္တာ (အပိုင်း-၄)**
- ၁၂:၅၀ ၇။ ဖောင်းကတော့ရေလှောင်တမံ
- ၁:၀၀ ၈။ **"တို့ခြံထဲမှာ ခုတော့ဖြင့် ပျော်စရာ" (ရဲအောင်၊ ကိုကိုလင်းမောင်၊ မေသန်းနု၊ ယမင်းကိုကို) (ဒါရိုက်တာ-အောဝမ်းမောင်လှမျိုး)**
- ၁:၃၀ ၉။ ပန်းပျိုးလက်ပန်းချီပြပွဲ
- ၁:၄၅ ၁၀။ ပြည်ထောင်စုတိုင်းရင်းသားရိုးရာအက
- ၂:၀၀ **"ရင်ထဲမှာ သာတဲ့လ" (ဆက်မော်၊နှင်းဝတ်ရည်သောင်း) [ဒါရိုက်တာ-ခင်မောင်ချင်း (ပုလဲအရောင်မမှိန်)]**
- ၂:၃၀ ၁၂။ ထပ်ဆင့်အောင်ပွဲ ဧရာဝတီတံတား (ဒေးဒရဲ)
- ၂:၄၅ ၁၃။ International News.
- ၃:၀၀ ၁၄။ အစီအစဉ်ပြီး၏။

ညပိုင်း

- ၄:၀၀ ၁။ စစ်ချီတေး၊စစ်သည်တေး
- ၄:၁၅ ၂။ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
- ၄:၃၀ ၃။ English for Everyday Use.
- ၄:၄၅ ၄။ တေးဂီတအစီအစဉ်
- ၅:၀၀ ၅။ **အဝေးသင်တက္ကသိုလ်ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ - ပထမနှစ် (သိပ္ပံအထူးပြုအားလုံး) (ဓာတုဗေဒ)**
- ၅:၁၅ ၆။ အတီးပြိုင်ပွဲ
- ၅:၃၀ ၇။ တေးဂီတအစီအစဉ်
- ၅:၄၀ ၈။ မြန်မာစာ၊ မြန်မာစကား
- ၅:၅၅ ၉။ ချစ်စရာ့အရွယ်ကစားကြမယ်
- ၆:၁၅ ၁၀။ တေးဂီတအစီအစဉ်
- ၆:၂၅ ၁၁။ Discovery
- ၆:၃၀ ၁၂။ ညနေခင်းသတင်း
- ၇:၀၀ ၁၃။ မိုးလေဝသအခြေအနေ
- ၇:၀၅ ၁၄။ **နိုင်ငံခြားဇာတ်လမ်းတွဲ ချစ်ကြိုးသွယ်တဲ့ လင်းပိုင်ငယ် (အပိုင်း-၄၇)**
- ၇:၃၅ ၁၅။ **"ရှေ့ဆက်သွားမည့်မူဝါဒလမ်းစဉ် (၇)ရပ်ကို မဆန့်ကျင်သင့်"**
- ၇:၄၅ ၁၆။ မြစ်မိးရောင် ဘက်စုံစိုက်ပျိုးမွေးမြူရေးစခန်း
- ၈:၀၀ ၁၇။ ပြည်တွင်းသတင်း
- ၁၈။ နိုင်ငံတကာသတင်းများ
- ၁၉။ မိုးလေဝသအခြေအနေ
- ၂၀။ **နိုင်ငံခြားဇာတ်လမ်းတွဲ "အချစ်သံသရာ" (အပိုင်း-၁၁)**
- ၂၁။ နောက်တစ်နေ့အစီအစဉ်
- ၂၂။ အစီအစဉ်ပြီး၏။

ကျေးရွာတိုင်း ကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်များ ထူထောင်ဖို့ ဝိုင်းဝန်းကူညီဆောင်ရွက်စို့

၂၀၀၅ခုနှစ်၊ ဇန်နဝါရီလ (၁၈)ရက်နေ့ထိ နိုင်ငံအဝန်းတွင်ကျေးရွာ ကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်(၁၁၅၃၄)တိုက် ဖွင့်လှစ်ပြီးဖြစ်ပါသည်။

ကျေးရွာကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်များအတွက် သုတ/ရသစာအုပ်များကို ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ခရိုင်/မြို့နယ်ရုံးများသို့ လှူဒါန်းနိုင်ပါသည်။

ပြန်ကြားရေးဝန်ကြီးဌာန
ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန

ဝန်ကြီး ဗိုလ်ချုပ်လှထွန်း ဘော်လီဘောပြိုင်ပွဲ၌ ဆုရရှိသူများအား ဆုများချီးမြှင့်

ရန်ကုန် ဇန်နဝါရီ ၂၁

ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ပထမအကြိမ် ဌာနပေါင်းစုံ အမျိုးသား၊ အမျိုးသမီး ဘော်လီဘောပြိုင်ပွဲ ပိတ်ပွဲအခမ်းအနားကို ယနေ့မွန်းလွဲ ၂နာရီတွင် ရန်ကုန်မြို့ အောင်ဆန်းအားကစားပြိုင်ဝင်းရှိ မိုးလုံလေလုံခန်းမ၌ ကျင်းပရာ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်လှထွန်းနှင့် ဇနီး၊ ဒုတိယဝန်ကြီး ဗိုလ်မှူးကြီးလှသိန်းဆွေနှင့်ဇနီး၊ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနနှင့် လုပ်ငန်းဌာနများမှ ဌာနဆိုင်ရာအကြီးအကဲများနှင့် ဇနီးများ၊ တာဝန်ရှိပုဂ္ဂိုလ်များ၊ အသင်းအုပ်ချုပ်သူများ၊ နည်းပြများနှင့် အားကစားသမားများ တက်ရောက်ကြည့်ရှု အားပေးကြသည်။

ယှဉ်ပြိုင်

ပြိုင်ပွဲ၌ အမျိုးသမီး ဗိုလ်လုပွဲအဖြစ် မြန်မာ့စီးပွားရေးဘဏ်နှင့် မြန်မာနိုင်ငံတော်ဗဟိုဘဏ်တို့က လည်းကောင်း၊ အမျိုးသားဗိုလ်လုပွဲအဖြစ်အကောက်ခွန်ဦးစီးဌာနနှင့် ရသုံးမှန်းခြေငွေစာရင်းဦးစီးဌာနတို့ကလည်းကောင်း ယှဉ်ပြိုင်ကြသည်။

ထို့နောက် ဆုပေးပွဲအခမ်းအနားကို ကျင်းပရာ အမျိုးသမီးနေရာအလိုက် အကောင်းဆုံး ဆုရရှိသူများအား ပြည်တွင်းအခွန်များဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဗိုလ်မှူးကြီးဆန်းထွန်း၏ဇနီးက လည်းကောင်း၊ အမျိုးသားနေရာအလိုက် အကောင်းဆုံးဆုရရှိသူများအား ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန ဘော်လီဘော ဆပ်ကော်မတီ ဥက္ကဋ္ဌ၊ ပြည်တွင်းအခွန်များဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဗိုလ်မှူးကြီး ဆန်းထွန်းက လည်းကောင်း၊ အမျိုးသမီး ဘော်လီဘောပြိုင်ပွဲ၌ ပွဲစဉ်တစ်လျှောက် အကောင်းဆုံးဆုရ အားကစားသမားအား မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဥက္ကဋ္ဌ ဦးကျော်ကျော်မောင်၏ဇနီးက လည်းကောင်း၊ အမျိုးသား ဘော်လီဘောပြိုင်ပွဲ၌ ပွဲစဉ်တစ်လျှောက် အကောင်းဆုံးဆုရ အားကစားသမားအား မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဥက္ကဋ္ဌ ဦးကျော်ကျော်မောင်ကလည်းကောင်း၊ အမျိုးသမီး ဘော်လီဘောပြိုင်ပွဲ၌ ဒုတိယဆုရရှိသော မြန်မာနိုင်ငံတော်ဗဟိုဘဏ်အသင်းအား ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးကြီးလှသိန်းဆွေ၏ ဇနီး ဒေါ်သီတာဝင်းက လည်းကောင်း၊ အမျိုးသားဘော်လီဘော ပြိုင်ပွဲဒုတိယ ဆုရရှိသော ရသုံးမှန်းခြေ ငွေစာရင်း ဦးစီးဌာနအသင်းအား ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးကြီးလှသိန်းဆွေကလည်းကောင်း၊ အမျိုးသမီး ဘော်လီဘောပြိုင်ပွဲ၌ ပထမ ဆုရရှိသော မြန်မာ့စီးပွားရေးဘဏ် အသင်းအား ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်လှထွန်း၏ဇနီး ဒေါ်ခင်သန်းဝင်းက လည်းကောင်း၊ အမျိုးသား ဘော်လီဘော ပြိုင်ပွဲ၌ ပထမဆုရရှိသော အကောက်ခွန် ဦးစီးဌာနအသင်းအား ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ် လှထွန်းက လည်းကောင်း ဆုများကို ပေးအပ်ချီးမြှင့်ကြသည်။

(သတင်းစဉ်)

ပုဇွန်တောင်မြို့နယ် မဟာစည်သြဝါဒခံ လယ်တီစံသာသနာ့ရိပ်သာတွင် ဆောက်လုပ်ဆဲ သုံးထပ်မဂ္ဂင် ကျောင်းတော်ကြီးအတွက် အလှူငွေကျပ်တစ်သိန်းကို ဦးစိုးနိုင်-ဒေါ်ကြည်လေးမိသားစု အမှတ်(၁၄၇) လမ်း ၅၀ ပုဇွန်တောင်မြို့နယ်က လယ်တီစံ သာသနာ့ရိပ်သာ အကျိုးတော်ဆောင်ဥက္ကဋ္ဌ ဦးဝင်းအောင်ထံ ပေးအပ်လှူဒါန်းစဉ်။ (က-ပ)

မင်္ဂလာဗျူဟာပရဟိတအဖွဲ့နှင့် နာရေးကူညီမှုအသင်းသို့ ငွေလှူဒါန်း

ရန်ကုန် ဇန်နဝါရီ ၂၁

ဗဟန်းမြို့နယ်၊ အာဇာနည်လမ်း မင်္ဂလာဗျူဟာအသင်းချုပ်တွင် MV. Barcelona Bridge (Uniteam Marine Co., Ltd.) မှ ဦးစိုးကြည်နှင့် သင်္ဘောသား ၂၄ဦးတို့က မင်္ဂလာဗျူဟာ ပရဟိတအဖွဲ့သို့ ငွေကျပ် ၂၁၆၂၀၀ကို လှူဒါန်းရာ ဒုတိယဥက္ကဋ္ဌ ဗိုလ်မှူးကြီးစိုးလွင်(ငြိမ်း)က လည်းကောင်း၊ ရွှေပေါက်ကံမြို့သစ် အောင်လေးအောင်ကျောင်း မွန်မြတ်ကရုဏာ နာရေးကူညီမှုအသင်းသို့ ငွေကျပ် ၂၁၆၂၀၀ကိုလှူဒါန်းရာ နာယက ဦးရဲမြင့် **(အပေါ်ပုံ)**ကလည်းကောင်း အသီးသီး လက်ခံရယူကြသည်။ (က-ပ)

ကလေးဝ-မော်လိုက် မော်တော်ကားလမ်း (မော်လိုက်ဘက်ခြမ်း)ဖွင့်ပွဲအခမ်းအနားကျင်းပ

မော်လိုက် ဇန်နဝါရီ ၂၁

ကလေးဝ-မော်လိုက် မော်တော်ကားလမ်း (မော်လိုက်ဘက်ခြမ်း) ဖွင့်ပွဲအခမ်းအနားကို ဒီဇင်ဘာ ၃၀ ရက် နံနက် ၈နာရီတွင် မိုင်တိုင်အမှတ် (၃၆/၀) အခြေခံပညာ အထက်တန်းကျောင်း ပညာလမ်းဆုံမုခ်ဦးရှေ့၌ ကျင်းပသည်။

ကလေးဝ-မော်လိုက်မော်တော်ကားလမ်း (မော်လိုက်ဘက်ခြမ်း) ဖွင့်ပွဲအခမ်းအနားတွင် မော်လိုက်ခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး ဝင်းနောင်က အမှာစကားပြောကြားပြီး မော်လိုက်မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးမြင့်သိန်းက ကလေးဝ-မော်လိုက်မော်တော်ကားလမ်း (မော်လိုက်ဘက်ခြမ်း)နှင့် ပတ်သက်၍ ရှင်းလင်းပြောကြားကာ ဒေသခံပြည်သူတို့၏ကိုယ်စား ဦးလှငွေက ကျေးဇူးတင်စကား ပြောကြားသည်။

ဖဲကြိုးဖြတ်ဖွင့်လှစ်

ဆက်လက်၍ ကလေးဝ-မော်လိုက်မော်တော်ကားလမ်းဖွင့်ပွဲ မုခ်ဦးရှေ့တွင် မော်လိုက်မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးမြင့်သိန်း၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ခရိုင်အတွင်းရေးမှူး ဦးရဲဝင်းဦး၊ ဦးအောင်သန်းတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ကြသည်။

၎င်းနောက် မော်လိုက်ခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးဝင်းနောင်၊ နယ်မြေခံတပ်ရင်းမှူး ဒုတိယဗိုလ်မှူးကြီး ခင်လတ်ကြီး၊ ဌာနဆိုင်ရာအကြီးအကဲများ၊ လူမှုရေး အသင်းအဖွဲ့တို့က မော်တော်ကားလမ်းကို ကြည့်ရှုကြသည်။

ယာဉ်လိုင်းပြေးဆွဲ

ထို့နောက် ရောင်နီဦးကားအသင်းက ကလေးဝ-မော်လိုက် မော်တော်ကားလမ်း ဖွင့်ပွဲအထိမ်းအမှတ် မော်တော်ယာဉ်နှစ်စီးတွင် ခရီးသည်များ တင်ဆောင်လျက် ကလေးဝသို့ ပြေးဆွဲပေးသည်။ ကလေးဝ-မော်လိုက် မော်တော်ကားလမ်း ၃၆မိုင် ကွာဝေးသဖြင့် ရေကြောင်းလမ်းထက် နှစ်မိုင်လျော့နည်းကြောင်း သိရသည်။

(ပြန်/ဆက်)

● **ကျောဖုံးမှ**

မိုးယွန်းကြီးရေထိန်းတံခါးစီမံကိန်းအရ ပဲခူးတိုင်း ပဂိုင်တာနှင့်ဆက်စပ်တည်ရှိသော မိုးယွန်းကြီး ရေလှောင်ကန်မှ မိုးတွင်းကာလ ပိုလျှံရေများ ထုတ်နုတ်ပေးနိုင်ရန်၊ မိုးနှောင်းကာလတွင် နွေစပါး စိုက်ပျိုးရေသိုလှောင်ထိန်းသိမ်းပေးရန်နှင့် ရန်ကုန်မြို့တော်မိုင် ၃၀ ပတ်ဝန်းကျင်စိမ်းလန်းစိုပြည်ရေး အတွက် စိုက်ပျိုးရေများကို ဤရေထိန်းတံခါးမှ ထိန်းသိမ်းလွှတ်ပေးနိုင်ရန်အတွက် ဝေါမြို့နယ် ပဂိုင်တာတောင်ပိုင်း အင်းတိုင်စုနှင့် ပြွန်ချောင်ကျေးရွာအနီး ဇွဲဘတ်ချောင်းတွင် အကျယ် ၁၂ ပေရှိ ရေတံခါး ခြောက်ပေါက်၊ အကျယ် ရှစ်ပေရှိ ရေတံခါး လေးပေါက်၊ ပေ ၃၅၀၀ အရှည်ရှိ ရေမြောင်းမကြီးနှင့် ပေ ၇၈၀၀ ရှိ ရေထုတ်မြောင်းကြီးတို့ကို ၂၀၀၃-၂၀၀၄ ခုနှစ်အတွင်းက စတင် တည်ဆောက်လျက်ရှိရာ ယခုနှစ် ဧပြီလအတွင်း ပြီးစီးနိုင်ရန် ရည်မှန်းဆောင်ရွက်လျက်ရှိသည်။

စိုက်ပျိုးနိုင်မည်

မိုးယွန်းကြီး ရေထိန်းတံခါးစီမံကိန်း ပြီးစီးပါက ဝေါမြို့နယ် အင်းတိုင်စု ပြွန်ချောင်ချောင်းတစ်လျှောက်၊ ပဲခူး-စစ်တောင်းတူးမြောင်း မြစ်ကျိုးရေတံခါးမှ တာဝရေတံခါးတစ်လျှောက် စိုက်ပျိုးရေများ လိုအပ်သလို ရရှိနိုင်မည်ဖြစ်ရာ အကျိုးပြုစိုက်ဧက ၄၀၀၀၀ ကျော်တွင် မိုးစပါး၊ နွေစပါးနှင့် ရာသီအလိုက် သီးနှံများ စိုက်ပျိုးနိုင်မည်ဖြစ်ကြောင်း သိရသည်။ (ဌေး)



ပဲခူးတိုင်း ဝေါမြို့နယ် မိုးယွန်းကြီး ရေထိန်းတံခါးစီမံကိန်းကို ဆောင်ရွက်နေစဉ်။ (ဓာတ်ပုံ-ဌေး)

ပဲခူးတိုင်းဝေါမြို့နယ် မိုးယွန်းကြီးရေထိန်းတံခါး စီမံကိန်း ဆောင်ရွက်လျက်ရှိရာ မိုးယွန်းကြီး ရေထိန်းတံခါး ရေစိမ့်တားသပ်ပြားတိုင် စိုက်နေသည်ကို တွေ့ရစဉ်။ (ဓာတ်ပုံ-ဌေး)

အမျိုးသားအဆင့် ဆင်ခြေထောက်ရောဂါကင်းဝေးရေးကြီးကြပ်မှု ဗဟိုကော်မတီ ဆွေးနွေးပွဲကျင်းပ

ရန်ကုန် ဇန်နဝါရီ ၂၁

အမျိုးသားအဆင့် ဆင်ခြေထောက်ရောဂါ ကင်းဝေးရေး ကြီးကြပ်မှု ဗဟိုကော်မတီဆွေးနွေးပွဲ [National Task Force (NTF) for Elimination of Lymphatic Filariasis] ကို ယမန်နေ့နံနက် ၉နာရီခွဲတွင် အင်းစိန်မြို့နယ် အနောက်ကြို့ကုန်းဆေးဝါးစက်ရုံလမ်းရှိ ဗဟိုအစည်းအဝေးခန်းမ၌ ကျင်းပရာ ကျန်းမာရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် (ပြည်သူ့ကျန်းမာ/ရောဂါနှိမ်နင်းရေး) နှင့် ညွှန်ကြားရေးမှူးများ၊ သမားတော်ကြီးများ၊ ဆေးဝါးကျွမ်းကျင်သူပညာရှင်များ၊ ဆင်ခြေထောက်ရောဂါကင်းဝေးရေး စီမံချက်အတွက် ကမ္ဘာ့ကျန်းမာရေးအဖွဲ့မှ လာရောက်သည့် ကိုယ်စားလှယ်များ၊ ကမ္ဘာ့ကျန်းမာရေးအဖွဲ့မှ ဌာနေတာဝန်ခံနှင့် ပြည်နယ်/တိုင်း ၄က်ဖျားဆရာဝန်ကြီးများ၊ အဖွဲ့ခေါင်းဆောင်များ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြပြီး ကျန်းမာရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် (ပြည်သူ့ကျန်းမာ/ ရောဂါနှိမ်နင်းရေး)ဒေါက်တာရဲမြင့်က အမှာစကား ပြောကြားသည်။

ဆင်ခြေထောက်ရောဂါ တိုက်ဖျက်ရေး လူကုန်ဆေးကျွေးလုပ်ငန်းကို စီမံချက်များရေးဆွဲ၍ စစ်ကိုင်းတိုင်း၊ မကွေးတိုင်းတို့၌ ၂၀၀၁ခုနှစ်မှစတင်၍ ဆောင်ရွက်ခဲ့ပြီး ရခိုင်ပြည်နယ်နှင့် မန္တလေးတိုင်း တို့၌ ၂၀၀၄/၂၀၀၅ခုနှစ်တွင် တိုးချဲ့ဆောင်ရွက်ခဲ့သည်။

ဆွေးနွေးပွဲတွင် လက်ရှိဆောင်ရွက်လျက်ရှိသည့် လုပ်ငန်းအတွေ့အကြုံများကို ဆွေးနွေးညှိနှိုင်းကြပြီး ဆင်ခြေထောက်ရောဂါအမြစ်တွယ်တည်ရှိသည့် ကျန်ပြည်နယ်၊ တိုင်းများ၌လည်း ရောဂါတိုက်ဖျက် ရေးလုပ်ငန်းများကို အောင်မြင်စွာ အကောင်အထည်ဖော် ဆောင်ရွက်သွားနိုင်ရေးအတွက် ညှိနှိုင်းဆွေးနွေးကြသည်။ (သတင်းစဉ်)

ရမည်းသင်းခရိုင်အတွင်း ကျေးရွာစာကြည့်တိုက်နှင့် ဓါတ်တင်ငွေ့သုံး လျှပ်စစ်ဓာတ်အားပေးစက်ရုံများဖွင့်

ရန်ကုန် ဇန်နဝါရီ ၂၁

ရမည်းသင်းခရိုင် ပျဉ်းမနားမြို့နယ် ရေဆင်းကျေးရွာ ပညာရောင်ခြည် ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်ဖွင့်ပွဲနှင့် စာအုပ်စာတမ်းများ ပေးအပ်လှူဒါန်းပွဲ အခမ်းအနားကို ဇန်နဝါရီ ၉ ရက် ညနေ ၅ နာရီက အဆိုပါ ပညာရောင်ခြည်စာကြည့်တိုက်တွင် ကျင်းပရာ အခမ်းအနားသို့ မန္တလေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အလယ်ပိုင်းတိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ရဲမြင့်၊ ပျဉ်းမနားတပ်နယ်မှ ဗိုလ်မှူးချုပ်ဝင်းမြင့်၊ တိုင်း၊ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ ရပ်မိရပ်ဖများ၊ ဒေသခံပြည်သူများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ပဲကြိုးဖြတ်ဖွင့်လှစ်

ရှေးဦးစွာ ရေဆင်းကျေးရွာ ပညာရောင်ခြည်ကိုယ့်အားကိုယ်ကိုး ကျေးရွာစာကြည့်တိုက်ကို မြို့နယ်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းအတွင်းရေးမှူး ဦးခင်မောင်ဌေးနှင့် ကျေးရွာဥက္ကဋ္ဌ ဦးမောင်သောင်းတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

ထို့နောက်တိုင်းမှူး ဗိုလ်ချုပ်ရဲမြင့်က အမှာစကား ပြောကြားပြီး ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဒေါ်ယဉ်ဆွေဝင်းက စာကြည့်တိုက် ဖွင့်လှစ်ရခြင်းနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ တိုင်းမှူးက ရမည်းသင်းခရိုင်အတွင်းရှိ ကျေးရွာစာကြည့်တိုက်များအတွက် စာအုပ်စာတမ်း ၂၅၀၀၀ကို ပေးအပ်လှူဒါန်းရာ ခရိုင်ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး အောင်ကြည်ရှိန်က လက်ခံရယူပြီး ဒေသခံ ရပ်မိရပ်ဖဦးလှငွေက ကျေးဇူးတင်စကားပြောကြားကာအခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

အမှာစကားပြောကြား

ထိုမှတစ်ဆင့်တိုင်းမှူးသည်တပ်ကုန်းမြို့နယ် ညောင်လွန့်အရှေ့ကျေးရွာ၌ ကျင်းပသည့် ဓါတ်ခဲငွေ့သုံး လျှပ်စစ်ဓာတ်အားပေးစက်ရုံဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်အမှာစကားပြောကြားသည်။

ထို့နောက် ကျောက်ဆည်အစိုးရနည်းပညာကောလိပ် ဓါတ်ခဲငွေ့ထုတ်လုပ်ရေးအင်ဂျင်နီယာ ဒေါ်စိုးစိုးအုန်းက ဓါတ်ခဲငွေ့သုံး လျှပ်စစ်ဓာတ်အားပေးစက်ရုံနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြပြီး ကျေးရွာနေ ပြည်သူများကိုယ်စား လျှပ်စစ်မီးလင်းရေးကော်မတီဝင်ဦးချစ်က ကျေးဇူးတင်စကားပြောကြားသည်။

ဆက်လက်၍ မြို့နယ်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းအတွင်းရေးမှူး ဦးတင်မောင်ဦးရွှေနှင့် ကျေးရွာ အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးမျာတို့က ဓာတ်အားပေးစက်ရုံကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး တိုင်းမှူးက ဓာတ်အားပေးစက်ရုံလျှပ်စစ်ဓာတ်အားကို စက်ခလုတ်နှိပ်၍ စတင်ထုတ်လွှတ်ပေးပြီး စက်ရုံအတွင်းလှည့်လည် ကြည့်ရှုစစ်ဆေးကြသည်။

အဆိုပါ ညောင်လွန့်အရှေ့ကျေးရွာ ဓါတ်ခဲငွေ့သုံး လျှပ်စစ်ဓာတ်အားပေးစက်ရုံအား တိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီမှ စက်နှင့်စက်ပစ္စည်းတန်ဖိုးထောက်ပံ့ငွေကျပ် ၁၀သိန်းနှင့် ဒေသခံပြည်သူများမှ ထည့်ဝင် ငွေကျပ်၃၂၁၇၀၀၀ စုစုပေါင်း ငွေကျပ် ၄၂၁၇၀၀၀ အကုန်အကျခံ တည်ဆောက်ခဲ့ပြီး ကျေးရွာအတွင်း ဘုရား၊ ကျောင်း၊ လမ်းနှင့်အိမ်ထောင်စုသုံး နှစ်ပေမီးချောင်း ၃၃၄ ချောင်းကို နေ့စဉ် နံနက်၄နာရီမှ ၆နာရီနှင့် ညနေ ၆နာရီမှ ၉နာရီခွဲအထိ လျှပ်စစ်ဓာတ်အား ထုတ်လွှတ်သုံးစွဲလျက်ရှိကြောင်း သိရသည်။

ထိုမှတစ်ဆင့် တိုင်းမှူးသည် ပျော်ဘွယ်မြို့နယ် ကြူတောဝကျေးရွာ ဓါတ်ခဲငွေ့သုံး လျှပ်စစ်ဓာတ်အားပေးစက်ရုံဖွင့်ပွဲအခမ်းအနားသို့တက်ရောက် အမှာစကားပြောကြားပြီး မြို့နယ်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းအတွင်းရေးမှူး ဦးထိန်ဝင်းနှင့် ကျေးရွာ မီးလင်းရေးကော်မတီဝင် ဦးလှမြင့်တို့က ဓာတ်အားပေးစက်ရုံကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

ဆက်လက်၍ တိုင်းမှူးက ဓါတ်ခဲငွေ့သုံး လျှပ်စစ်ဓာတ်အားပေးစက်ရုံမှ လျှပ်စစ်ဓာတ်အားကို စက်ခလုတ်နှိပ်၍ စတင်ထုတ်လွှတ်ပေးပြီး စက်ရုံအတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးကာ အခမ်းအနားကိုရုပ်သိမ်းလိုက်သည်။

အဆိုပါကြူတောဝကျေးရွာ ဓါတ်ခဲငွေ့သုံး လျှပ်စစ်ဓာတ်အားပေးစက်ရုံအား တိုင်းအေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီမှ စက်နှင့် စက်ပစ္စည်းတန်ဖိုး ထောက်ပံ့ငွေကျပ် ၁၀သိန်းနှင့် ဒေသခံပြည်သူများက ထည့်ဝင်ငွေကျပ် ၃၈၃၀၆၀၀ စုစုပေါင်း ငွေကျပ် ၄၈၃၀၆၀၀ အကုန်အကျခံ တည်ဆောက်ခဲ့ပြီး ကျေးရွာအတွင်း ဘုရား၊ ကျောင်း၊လမ်း၊ရုံးနှင့် အိမ်ထောင်စုသုံး နှစ်ပေမီးချောင်း စုစုပေါင်း ၂၇၂ချောင်းကို နေ့စဉ်နံနက် ၄နာရီမှ ညနေ၆နာရီအထိနှင့် ညနေ ၆နာရီမှ ၉နာရီခွဲ အထိ လျှပ်စစ်ဓာတ်အား ထုတ်လွှတ်သုံးစွဲလျက်ရှိသည်။ (သတင်းစဉ်)

ဇန်နဝါရီ ၈ ရက်က ရန်ကုန်တိုင်း သံဃနာယကအဖွဲ့ ဥက္ကဋ္ဌ (မဟာဒွါရ) မေတ္တာဝါဒီဆရာတော် အဂ္ဂမဟာ သဒ္ဓမ္မဇောတိကဓဇ အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တ စန္ဒောဘာသက အင်းစိန်မြို့နယ် ဖော့ကန်ရပ်ကွက် သီတာလမ်း၊ သီတာဆွမ်းလောင်းမဏ္ဍပ်ရှိ ဘုရားဆောင်ဆောက်လုပ်ရန်အတွက် အလှူငွေကျပ် ငါးသိန်းကို ပေးအပ်လှူဒါန်းစဉ်။ (က-ပ)

ပြင်သစ်နိုင်ငံ ပါရီမြို့ ထေရဝါဒဗုဒ္ဓသာသနာပြု မြန်မာကျောင်းတော်ကြီး ဖြစ်မြောက်ရေးကော်မတီရုံးခန်း (ဗဟန်း ၃-လမ်း မှတ်တိုင်အနီး)တွင် အမှတ်(၃၃၉)ဗညားဒလလမ်း ပျားရည်ကုန်းရပ်ကွက် တာမွေမြို့နယ်နေ ဦးဝင်းရှိန်-ဒေါ်မြင့်မြင့်၊ သား မောင်မင်းထက်ခေါင်၊ သမီး ဟန်နီဝင်း (ကောင်းကျော်ဗီဒီယို) မိသားစုက ငွေကျပ် ၁၀၀၀၀၀ ကို ဦးမျိုးခင်(အဖွဲ့ဝင်)သို့ ပေးအပ်လှူဒါန်းစဉ်။ (က-ပ)

၂၀၀၅ခုနှစ် မန္တလေးမဟာသင်္ကြန်ပွဲတော်ကျင်းပရေး ညှိနှိုင်း မြန်မာနိုင်ငံအပါအဝင် GMSခြောက်နိုင်ငံ ပါဝင်ဆင်နွှဲမည်

ရန်ကုန် ဇန်နဝါရီ ၂၁

မြန်မာနိုင်ငံခရီးသွားလုပ်ငန်း မြှင့်တင်မှုအစီအစဉ်တစ်ရပ်အဖြစ် ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်း ဝန်ကြီးဌာနက ကြီးမှူး၍ ပုဂ္ဂလိကဟိုတယ်နှင့်ခရီးသွားလုပ်ငန်းရှင်များ ပူးပေါင်းကျင်းပမည့် ၂၀၀၅ခုနှစ် မန္တလေးမဟာသင်္ကြန်ပွဲတော် ကျင်းပရေး ညှိနှိုင်းအစည်းအဝေးကို ဇန်နဝါရီ ၁၉ ရက် မွန်းလွဲ ၁နာရီတွင် ရန်ကုန်မြို့ ကမ္ဘာအေးစေတီလမ်းရှိ Excel Treasure Tower ၌ ကျင်းပရာ ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်အေးမြင့်ကြူ တက်ရောက်၍ အမှာစကားပြောကြားသည်။

တက်ရောက်

အစည်းအဝေးသို့ ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်း ဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနနှင့် လုပ်ငန်းတို့မှ ညွှန်ကြားရေးမှူးချုပ်၊ ဦးဆောင်ညွှန်ကြားရေးမှူးနှင့် တာဝန်ရှိသူများ၊ မြန်မာနိုင်ငံ ခရီးသွားလုပ်ငန်းရှင်များအသင်းနှင့် ဟိုတယ်ဆိုင်ရာ လုပ်ငန်းရှင်များအသင်းတို့မှ ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများ၊ ပုဂ္ဂလိကဟိုတယ်နှင့် ခရီးသွားလုပ်ငန်းရှင်များ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ ဟိုတယ်နှင့်ခရီးသွား ညွှန်ကြားမှုဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးငွေအောင်က ၂၀၀၅ခုနှစ် မန္တလေးမဟာသင်္ကြန်ပွဲတော်သို့ မြန်မာနိုင်ငံအပါအဝင် GMS ခြောက်နိုင်ငံပါဝင်ဆင်နွှဲမည်ဖြစ်ရာ ဧည့်သည်ငါးနိုင်ငံနှင့် မြန်မာနိုင်ငံရှိ သံရုံးများ၊ ဟိုတယ်ဇုန်များ၊ ခရီးစဉ်ဒေသတို့မှ ကိုယ်စားလှယ်အဖွဲ့များ တက်ရောက်ပါဝင် ဆင်နွှဲကြမည့် ခန့်မှန်းခြေ လူဦးရေအခြေအနေနှင့် ဧည့်သည်များအတွက် သယ်ယူပို့ဆောင်ရေး၊ နေရာချထားရေး၊ ဧည့်ခံကျွေးမွေးရေး စသည်တို့နှင့် စပ်လျဉ်း၍ ဝိုင်းဝန်းပူးပေါင်း ညှိနှိုင်းဆောင်ရွက်ကြရေး ပြောကြားသည်။

ဆက်လက်၍ မြန်မာနိုင်ငံခရီးသွားလုပ်ငန်းရှင်များအသင်းဥက္ကဋ္ဌ ဦးခင်ဇော်က ရန်ကုန်မြို့နှင့် မန္တလေးမြို့တို့ရှိ နိုင်ငံခြားသားများ တက်ရောက်နိုင်ရေး၊ မန္တလေးဇုန်ဥက္ကဋ္ဌ ဦးအောင်ခိုင်က မဏ္ဍပ်ကြီးကြပ်ဆောင်ရွက်ရေး၊ ဒါရိုက်တာဦးတင်ဦးက မြန်မာ့ရိုးရာ အစဉ်အလာမပျက် အနုပညာဖြင့် ဧည့်ခံဖျော်ဖြေရေးနှင့် အစည်းအဝေး တက်ရောက် လာကြသူများက သက်ဆိုင်ရာ ကဏ္ဍအလိုက် ဆောင်ရွက်သွားမည့် အခြေအနေတို့ကို ဆွေးနွေးတင်ပြကြသည်။

ထို့နောက် ဒုတိယဝန်ကြီးက တင်ပြချက်များအပေါ် လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းပေးပြီး ၂၀၀၅ခုနှစ် မန္တလေးမဟာသင်္ကြန်ပွဲတော် အောင်မြင်စွာကျင်းပနိုင်ရေးအတွက် ဝိုင်းဝန်းကြိုးပမ်းအကောင်အထည်ဖော် ဆောင်ရွက်ကြရန်မှာကြားကာ အစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။(သတင်းစဉ်)

သံဖြူဇရပ်မြို့နယ် စည်ပင်သာယာရေးအဖွဲ့က တာဝန်ယူဆောင်ရွက်လျက်ရှိသော ကျိုက္ခမီမြို့ ဗိုလ်ချုပ်လမ်း၊ နေ့ကလေးထိန်းကျောင်းဝင်းအတွင်း လေးလက်မ စက်ရေတွင်း တူးဖော်ဆောင်ရွက်မှုလုပ်ငန်းကို ဇန်နဝါရီ ၅ ရက်က မြို့နယ်အမှုဆောင်အရာရှိဦးတင်မောင်သန်းနှင့် တာဝန်ခံအင်ဂျင်နီယာ ဦးခင်လှိုင်တို့ ကြီးကြပ်ဆောင်ရွက်ပေးစဉ်။ (မြို့နယ်စည်ပင်)

ကွယ်လွန်သူ မောင်တင်မောင်ဆွေအား ရည်စူး၍ ဖခင်-ဦးချစ်ဆွေ (လ/ထ ညွှန်ကြားရေးမှူး အကောက်ခွန် ဦးစီးဌာန) မိခင် ဒေါ်တင်တင်ဝင်း၊ ညီမ မာလာဆွေ (သုခ ဆောက်လုပ်ရေး)တို့က ဓမ္မိတဒါန သံဃာ့ဆေးရုံကြီးသို့ ထာဝရ ငွေပဒေသာပင် အလှူငွေကျပ် တစ်သိန်းကို နိုဝင်ဘာ ၂၃ ရက်က လှူဒါန်းရာ ဆေးရုံအုပ်ချုပ်ရေးအဖွဲ့ ဒုတိယဥက္ကဋ္ဌ ဦးလှမြိုင်(ကိုဆောင်း) လက်ခံစဉ်။ (က-ပ)

ကြည့်ရှုစစ်ဆေး

စည်ပင်သာယာရေးဦးစီးဌာန ဒုတိယအင်ဂျင်နီယာချုပ် ဦးခင်လတ် ဇန်နဝါရီ ၉ ရက်က ရှမ်းပြည်နယ်(မြောက်ပိုင်း) သိန္နီမြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ ပန်းအလှပင်များဖြင့် မြေယာရှုခင်းအလှ ဆောင်ရွက်ထားရှိမှုကို ကြည့်ရှုစစ်ဆေးစဉ်။ (နယ်စပ်စည်ပင်)

ရန်ကုန်မြို့ လမ်းမတော်မြို့နယ် ကီလီ ၃ လမ်း အမှတ်(၃၄)နေကွယ်လွန်သူ ဦးသိန်းဝင်းအားရည်စူး၍ ကျန်ရစ်သူ ဇနီးဒေါ်ကျင်ငွေ သားသမီးမြေးတစ်စုတို့က သုံးထပ်ဘိုးဘွားဆေးရုံသစ်ကြီးတည်ဆောက်ရန်အတွက် ငွေကျပ်တစ်သိန်းကို နှင်းဆီကုန်းဘိုးဘွားရိပ်သာသို့ လာရောက်လှူဒါန်းစဉ်။ (က-ပ)

မီးသုံးခွဲလျှင် အသိယှဉ်၊ ဆင်ခြင်သတိ အမြဲရှိ

မြန်မာ ICT ရက်သတ္တပတ်

၂၀၀၅ ခုနှစ်

(၂၁-၁-၂၀၀၅)ရက်မှ (၂၇-၁-၂၀၀၅)ရက်အထိ

MICT Park ၊ ရန်ကုန်မြို့

သမိုင်းဝင် ကျိုက္ကစံဆံတော်ရှင်စေတီ ဗုဒ္ဓပူဇနီယပွဲတော် ကျင်းပရေးစည်းဝေး

ရန်ကုန် ဇန်နဝါရီ ၂၁

ရန်ကုန်တိုင်း သဃ်န်းကျွန်းမြို့နယ် သာသနာ့သမိုင်းဝင် ကျိုက္ကစံဆံတော်ရှင်စေတီတော် (၁၀၅)ကြိမ်မြောက် ဗုဒ္ဓပူဇနီယပွဲတော်ကျင်းပရေးနှင့် လုံးတော်ပြည့် ရွှေသင်္ကန်းကပ်လှူအောင်မြင်ပြီးစီးမှု ရေစက်ချပွဲအခမ်းအနား ကျင်းပရေးအစည်းအဝေးကို ဇန်နဝါရီ ၁၅ရက် မွန်းလွဲပိုင်းတွင် စေတီတော်ရင်ပြင် နှစ်ကျိပ်ရှစ်ဆူအာရုံခံတန်ဆောင်း၌ကျင်းပရာ ဂေါပကအဖွဲ့ ဥက္ကဋ္ဌ သီဟသုဓမ္မမဏိဇောတဓရ (ဆင်မင်း) ဦးတင်ရွှေနှင့် ဂေါပကအဖွဲ့ဝင်များ၊ ဘာသာရေးအသင်းအဖွဲ့များမှပုဂ္ဂိုလ်များ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

လောင်းလှူ

ကျိုက္ကစံဆံတော်ရှင် စေတီတော် (၁၀၅)ကြိမ်မြောက် ဗုဒ္ဓပူဇနီယပွဲတော်ကို ဖေဖော်ဝါရီ ၁၉ရက်မှစတင်၍ ကျင်းပသွားမည်ဖြစ်ပြီး လုံးတော်ပြည့် ရွှေသင်္ကန်းကပ်လှူ အောင်မြင်ခြင်း အထိမ်းအမှတ်အဖြစ် ဖေဖော်ဝါရီ ၂၃ရက် တပို့တွဲလပြည့်နေ့ မွန်းလွဲ ၁နာရီတွင် ပင့်သံဃာတော်အပါး ၃၀၀၊ သာသနာ့နွယ်ဝင် သီလရှင်အပါး ၁၀၀တို့အား ဆွမ်းဆန်စိမ်းများ လောင်းလှူသွားမည်ဖြစ်သည်။

(သတင်းစဉ်)

စတုတ္ထအကြိမ် မြန်မာအိုင်စီတီ ရက်သတ္တပတ် ၂၀၀၅ (ဇန်နဝါရီ ၂၁ ရက်မှ ၂၇ ရက်အထိ)

ဇန်နဝါရီ ၂၂ရက်၊ စနေနေ့

၀၉း၀၀-၁၇း၀၀	–	အကြို၊ ICT ပြပွဲ၊ ပြခန်းများ
၀၉း၀၀-၁၂း၀၀	–	ICT Product Presentation
၀၉း၀၀-၁၇း၀၀	–	ICT Competitions
၁၃း၀၀-၁၆း၃၀	–	ဟောပြောပွဲနှင့် အလုပ်ရုံဆွေးနွေးပွဲများ

ဇန်နဝါရီ ၂၃ရက်၊ တနင်္ဂနွေနေ့

၀၈း၃၀	–	ဖွင့်ပွဲအခမ်းအနား
၁၀း၀၀-၁၇း၀၀	–	ICT ပြပွဲ၊ ပြခန်းများ
၁၀း၀၀-၁၂း၀၀	–	ICT Product Presentation
၁၀း၀၀-၁၇း၀၀	–	ICT Competitions
၁၃း၀၀-၁၆း၃၀	–	ဟောပြောပွဲနှင့် အလုပ်ရုံဆွေးနွေးပွဲများ

ဇန်နဝါရီ ၂၄ရက်၊ တနင်္လာနေ့

၀၉း၀၀-၁၇း၀၀	–	ICT ပြပွဲ၊ ပြခန်းများ
၀၉း၀၀-၁၂း၀၀	–	ICT Product Presentation
၀၉း၀၀-၁၇း၀၀	–	ICT Competitions
၁၃း၀၀-၁၆း၃၀	–	ဟောပြောပွဲနှင့် အလုပ်ရုံဆွေးနွေးပွဲများ

ဇန်နဝါရီ ၂၅ရက်၊ အင်္ဂါနေ့

၀၉း၀၀-၁၇း၀၀	–	ICT ပြပွဲ၊ ပြခန်းများ
၀၉း၀၀-၁၂း၀၀	–	ICT Product Presentation
၀၉း၀၀-၁၇း၀၀	–	Network Game ပြိုင်ပွဲ
၁၃း၀၀-၁၆း၃၀	–	ဟောပြောပွဲနှင့် အလုပ်ရုံဆွေးနွေးပွဲများ

ဇန်နဝါရီ ၂၆ရက်၊ ဗုဒ္ဓဟူးနေ့

၀၉း၀၀-၁၇း၀၀	–	ICT ပြပွဲ၊ ပြခန်းများ
၀၉း၀၀-၁၂း၀၀	–	ICT Product Presentation
၀၉း၀၀-၁၇း၀၀	–	Network Game ပြိုင်ပွဲ
၁၃း၀၀-၁၆း၃၀	–	ဟောပြောပွဲနှင့် အလုပ်ရုံဆွေးနွေးပွဲများ

ဇန်နဝါရီ ၂၇ရက်၊ ကြာသပတေးနေ့

၀၉း၀၀-၁၇း၀၀	–	ICT ပြပွဲ၊ ပြခန်းများ
၀၉း၀၀-၁၇း၀၀	–	Network Game နောက်ဆုံးပြိုင်ပွဲ
၁၃း၀၀-၁၆း၀၀	–	ICT Competitions ပြိုင်ပွဲများ ဆုချီးမြှင့်ခြင်း
	–	ကူညီပံ့ပိုးသူများအား ဂုဏ်ပြုလွှာပေးအပ်ခြင်း
	–	အိုင်စီတီရက်သတ္တပတ်ပိတ်ပွဲအခမ်းအနား

(တနင်္ဂနွေနေ့တွင် နံနက် ၁၀ နာရီမှ ညနေ ၅ နာရီအထိ၊ ကျန်နေ့များတွင် နံနက် ၉ နာရီမှ ညနေ ၅ နာရီအထိ အခမဲ့ပြသပါမည်)

MICT Park, တက္ကသိုလ်များ လှိုင်နယ်မြေ၊ ရန်ကုန်။

မြန်မာအိုင်စီတီပြပွဲ ယာဉ်များ အခမဲ့ပြေးဆွဲမည်

ရန်ကုန် ဇန်နဝါရီ ၂၁

စတုတ္ထအကြိမ် မြန်မာအိုင်စီတီရက်သတ္တပတ် ၂၀၀၅ကို ရန်ကုန်မြို့ တက္ကသိုလ်များ လှိုင်နယ်မြေရှိ MICT Park တွင် ဇန်နဝါရီ ၂၁ ရက်မှ ၂၇ ရက်ထိ ICT ပြပွဲ ပြခန်းများ၊ ဟောပြောပွဲနှင့် အလုပ်ရုံဆွေးနွေးပွဲများ၊ ICT Products Presentation များ၊ ICT ပြိုင်ပွဲများဖြင့် စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်ရာ ပြပွဲလာပြည်သူများ သွားလာမှုအဆင်ပြေစေရေးအတွက် ပါရမီလမ်းနှင့် အင်းစိန်လမ်းဆုံမှလည်းကောင်း၊ ပါရမီလမ်းနှင့် ပြည်လမ်းဆုံမှလည်းကောင်း ခရီးသည်တင်ယာဉ်များဖြင့် MICT Park သို့ ခေါက်တုံ့ခေါက်ပြန် အခမဲ့သယ်ပို့ပေးမည်ဖြစ်သည်။ (သတင်းစဉ်)

သုံးထပ်သိမ်ကျောင်းဆောင်သစ် ဆောက်လုပ်ရာတွင် ပါဝင်လှူဒါန်းနိုင်

ရန်ကုန် ဇန်နဝါရီ ၂၁

တောင်ဥက္ကလာပမြို့နယ်၊ (၁၄/၂) ရပ်ကွက်၊ ဟသ်ာလမ်း၊ သိပ္ပာလယပရိယတ္တိစာသင်တိုက်အတွင်း သဒ္ဓမ္မရံသီ သုံးထပ် သိမ်ကျောင်းဆောင်သစ် ဆောက်လုပ်နေပြီဖြစ်၍ လှူဒါန်းလိုသော ဒါယကာ၊ ဒါယိကာမများ အနေဖြင့် မိမိကိုယ်တိုင်ဖြစ်စေ၊ ဖုန်း-၅၆၁၃၂၇ သို့ဖြစ်စေ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း နှိုးဆော်ထားသည်။

(၆၃)

ယဉ်ကျေးမှုဆိုင်ရာ ဟောပြောပွဲကျင်းပ

ရန်ကုန် ဇန်နဝါရီ ၂၁

မြန်မာနိုင်ငံအမျိုးသမီးရေးရာ အဖွဲ့ချုပ် ယဉ်ကျေးမှု လုပ်ငန်းအဖွဲ့ခွဲက ကြီးမှူး၍ ယဉ်ကျေးမှုဆိုင်ရာ ဟောပြောပွဲကို ရန်ကုန်မြို့ စမ်းချောင်းမြို့နယ် အမှတ်(၁)အခြေခံပညာ အထက်တန်းကျောင်းခန်းမ၌ ယမန်နေ့က ကျင်းပရာ ယဉ်ကျေးမှုလုပ်ငန်းအဖွဲ့ခွဲခေါင်းဆောင် ရန်ကုန်တက္ကသိုလ် အရှေ့တိုင်းပညာဌာန ပါမောက္ခ၊ဌာနမှူး ဒေါ်ခင်သိန်းနှင့် ရန်ကုန်တက္ကသိုလ် ဒဿနိကဗေဒဌာန ပါမောက္ခ၊ ဌာနမှူး ဒေါက်တာဒေါ်တင် တင်ထွန်းတို့က ယဉ်ကျေးစွာနေထိုင်ပြောဆိုခြင်းခေါင်းစဉ်ဖြင့် ဟောပြောကြသည်။ (သတင်းစဉ်)

မကွေးတိုင်းဥက္ကဋ္ဌ ဗိုလ်မှူးကြီးဘုန်းမော်ရွှေ မဲဇလီရေလွှဲဆည် စိုက်ပျိုးရေပေးဝေမှုစစ်ဆေး

ရန်ကုန် ဇန်နဝါရီ ၂၁

မကွေးတိုင်း အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်မှူးကြီးဘုန်းမော်ရွှေသည် ဌာနဆိုင်ရာတာဝန်ရှိသူများလိုက်ပါလျက် ဇန်နဝါရီ ၁၀ရက် နံနက်ပိုင်းက ပွင့်ဖြူမြို့နယ် မဲဇလီရေလွှဲဆည်သို့ရောက်ရှိပြီး စိုက်ပျိုးရေပေးဝေမှု အခြေအနေများကိုကြည့်ရှုစစ်ဆေးကာ တာဝန်ရှိသူများအား စပါးစိုက်ဧက တိုးချဲ့စိုက်ပျိုးရေးနှင့် စိုက်ပျိုးရေ အပြည့်အဝ ပေးနိုင်ရေးဆွေးနွေးမှာကြားပြီး လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ဇန်နဝါရီ ၁၁ရက် နံနက် ၉နာရီတွင် ဗိုလ်မှူးကြီးဘုန်းမော်ရွှေသည် ပညာရေးကောလိပ်၌ ကျင်းပသည့် လုပ်ငန်းခွင်အကြို ဆရာအတတ်သင် သင်တန်းအမှတ်စဉ်(၈/၂၀၀၃)ဒုတိယနှစ်နှင့် (၉/၂၀၀၄)ပထမနှစ် သင်တန်းဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်အမှာစကားပြောကြားသည်။

ဆက်လက်၍ မကွေးပညာရေးကောလိပ်ကျောင်းအုပ်ကြီး ဦးတင်ဆန်းက သင်တန်းဆိုင်ရာများကို ရှင်းလင်းတင်ပြပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ပါဝင်ယှဉ်ပြိုင်

မွန်းလွဲပိုင်းတွင် ဗိုလ်မှူးကြီးဘုန်းမော်ရွှေသည် မကွေးတိုင်း မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း ရုံးခန်းမ၌ ကျင်းပသည့် အကြိမ်(၅၀)မြောက် ပြည်ထောင်စုဒိုင်း၊ ပြည်နယ်နှင့်တိုင်း အလွတ်တန်းဘောလုံးပြိုင်ပွဲတွင် ပါဝင်ယှဉ်ပြိုင်မည့် မကွေးတိုင်း ဘောလုံးအသင်းအား အောင်နိုင်ရေးအလံပေးအပ်ပွဲ အခမ်းအနားသို့ တက်ရောက်အမှာစကားပြောကြားသည်။

ဆက်လက်၍ မကွေးတိုင်းဘောလုံးဆပ်ကော်မတီဥက္ကဋ္ဌ ဦးသွင်လင်းက မကွေးတိုင်းဘောလုံးအသင်း လေ့ကျင့်ဆောင်ရွက်ခဲ့မှု အခြေအနေများကို ရှင်းလင်းတင်ပြပြီး တိုင်းဘောလုံးအသင်းမှ အုပ်ချုပ်သူ၊ နည်းပြများနှင့် အားကစားသမားများအား တစ်ဦးချင်း မိတ်ဆက်ပေးသည်။

ရုပ်သိမ်း

ယင်းနောက်ဗိုလ်မှူးကြီး ဘုန်းမော်ရွှေက အကြိမ်(၅၀)မြောက် ပြည်နယ်နှင့် တိုင်းအလွတ်တန်း ဘောလုံးပြိုင်ပွဲတွင် ပါဝင်ယှဉ်ပြိုင်မည့် မကွေးတိုင်းဘောလုံးအသင်းအား ထောက်ပံ့ငွေနှင့် အောင်နိုင်ရေးအလံကို ပေးအပ်ရာ တာဝန်ရှိသူများက လက်ခံရယူပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ဇန်နဝါရီ ၁၄ ရက် မွန်းလွဲပိုင်းတွင် ဗိုလ်မှူးကြီးဘုန်းမော်ရွှေသည် မကွေးမြို့နယ် သဖန်းဆိပ်ကျေးရွာအနီးရှိ သဖန်းဆိပ်လျှပ်စစ်မြစ်ရေတင်စီမံကိန်းသို့ရောက်ရှိပြီး ၂၀၀၅ ခုနှစ်၌ မိုးစပါး ၁၀၉၄ဧကနှင့် နွေစပါး ၃၅၄ ဧက စိုက်ပျိုးနိုင်ရေးဆောင်ရွက်ထားရှိမှု၊ ထပ်ဆင့် ရေတင်စက်ရုံအမှတ်(၄)၊ (၅)၊ (၆)နှင့် (၇)တို့တွင် လျှပ်စစ်ဓာတ်အားလိုင်းများ သွယ်တန်းတပ်ဆင်ထားရှိမှုနှင့် ရေတင်စက်၊ ရေတင်ပိုက်များ တပ်ဆင်ပြီးစီးမှု အခြေအနေများကို လှည့်လည်ကြည့်ရှုစစ်ဆေးရာ မကွေးတိုင်း ရေအရင်းအမြစ်အသုံးချရေးဦးစီးဌာန ဒုတိယ ညွှန်ကြားရေးမှူး ဦးတင်မောင်အေးထူးနှင့် တာဝန်ရှိသူများက မြစ်ရေတင်လုပ်ငန်းများ ဆောင်ရွက်နေမှုနှင့် စပါးစိုက်ဧက တိုးချဲ့စိုက်ပျိုးနိုင်မည့် အခြေအနေများကို ရှင်းလင်းတင်ပြကြရာ တိုင်းဥက္ကဋ္ဌ ဗိုလ်မှူးကြီးဘုန်းမော်ရွှေက လိုအပ်သည်များမှာကြားဖြည့်ဆည်းဆောင်ရွက်ပေးခဲ့သည်။

(သတင်းစဉ်)

မကွေးတိုင်း ဂန့်ဂေါမြို့နယ်၌ ကိုယ့်အားကိုယ်ကိုး တံတားဖွင့်ပွဲ ကျင်းပ

ရန်ကုန် ဇန်နဝါရီ ၂၁

မကွေးတိုင်း ဂန့်ဂေါမြို့နယ် ရွှေဘိုရွာအနီးရှိ ကိုယ့်အားကိုယ်ကိုး စေတနာရှင်တောင်ခင်ရန်းချောင်း လူကူးတံတားဖွင့်ပွဲ အခမ်းအနားကို ဇန်နဝါရီ ၁၈ရက် နံနက်ပိုင်းတွင် အဆိုပါ တံတားထိပ်၌ပြုလုပ်ရာ ဂန့်ဂေါခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးလှဆွေက အမှာစကား ပြောကြားသည်။

ထို့နောက် အဆိုပါ တံတားကို ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးလှဆွေနှင့် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအဖွဲ့ဝင် ဦးသိန်းထွဋ်တို့က ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

ယင်းစေတနာရှင်လူကူးတံတားသည် အလျား ၁၉၈ပေ၊ အနံ ခြောက်ပေ၊ အမြင့် ၁၈ပေရှိ၍ သစ်သားတံတားအမျိုးအစားဖြစ်ကာ ငွေကျပ် ၁၅သိန်း ကျော်ကုန်ကျခံ ဆောက်လုပ်ထားသည်။

အဆိုပါ ဒေသတွင် မိုးရာသီ တောင်ခင်ရန်းချောင်း ရေတက်သည့်အခါ၌ ကျေးရွာချင်း ဆက်သွယ်သွားလာမှု ခက်ခဲခဲ့သော်လည်း ယခုအခါတွင် တောင်ခင်ရန်းချောင်း လူကူးတံတား ဆောက်လုပ်ထားပြီး ဖြစ်သဖြင့် ရွှေဘိုရွာနှင့် အနီးပတ်ဝန်းကျင် ကျေးရွာ အုပ်စု ၁၆ခုတို့မှ ပြည်သူများ အပြန်အလှန် ရာသီမရွေး လွယ်လင့်တကူ ဆက်သွယ်သွားလာနိုင်ကြပြီ ဖြစ်သည်။ (သတင်းစဉ်)

တစ်ချက်တည်းဖြင့်ကျင်းဝင်

ရန်ကုန် ဇန်နဝါရီ ၂၁

ဦးစန်းလွင်သည် ကစားဖော်များဖြစ်ကြသော ဦးခွန်မြတ်၊ ဦးတင်ဦးမောင်နှင့် ဦးစိုးဟိန်းစိုးတို့နှင့်အတူ ဇန်နဝါရီ ၁၆ ရက် ညနေပိုင်းတွင် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ မြို့တော်ဂေါက်ကွင်း (မြကန်သာကွင်း)၌ ဂေါက်သီးရိုက် ကစားကြရာ Top Flite(1) X L (3000) ဘောလုံးကို Honma Iron(7) သံတုတ်ဖြင့်ရိုက်လိုက်ရာ ၁၆၇ ကိုက်အကွာအဝေးတွင်ရှိသော ကျင်းအမှတ် ၁၆ သို့ တစ်ချက်တည်းဖြင့် ကျင်းဝင်သွားသည်။

အလားတူ ဦးမျိုးမြင့်သည် ကစားဖော်များဖြစ်ကြသော ဦးမင်းအောင်၊ ဦးလှထွန်းဦး၊ ဦးမျိုးနိုင်နှင့် ဦးဖုန်းမောင်ငြိမ်းတို့နှင့်အတူ ဇန်နဝါရီ ၁၆ရက် ညနေပိုင်းတွင် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ မြို့တော် ဂေါက်ကွင်း (မြကန်သာကွင်း) ၌ ဂေါက်သီးရိုက်ကစားကြရာ EV-(02) ဘောလုံးကို King & Snake PW တုတ်ဖြင့်ရိုက်လိုက်ရာ ကိုက် ၁၃၀ အကွာအဝေးတွင်ရှိသော ကျင်းအမှတ် (၁၁) သို့ တစ်ချက်တည်းဖြင့် ကျင်းဝင်သွားသည်။

ထို့အတူ ဦးမျိုးဆွေသည် ကစားဖော်များဖြစ်ကြသော ဦးငွေထွန်း၊ ဦးလင်းမြင့်လှိုင်နှင့် ဦးတက်နေလင်းထွေးတို့နှင့်အတူ ဇန်နဝါရီ ၁၆ ရက် မွန်းလွဲပိုင်းတွင် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ (ငွေသော်တာကွင်း)၌ ဂေါက်သီးရိုက်ကစားကြရာ Top Flite XL(2000) ဘောလုံးကို Prgr Iron(7) တုတ်ဖြင့် ရိုက်လိုက်ရာ ၁၅၄ ကိုက် အကွာအဝေးတွင်ရှိသော ကျင်းအမှတ် (၁၂) သို့ တစ်ချက်တည်းဖြင့် ကျင်းဝင်သွားသည်။

(သတင်းစဉ်)

မြို့ရေပေးရေးနှင့် လမ်းခင်းခြင်းလုပ်ငန်းဆောင်ရွက်

ရန်ကုန် ဇန်နဝါရီ ၂၁

ရှမ်းပြည်နယ် (တောင်ပိုင်း) စည်ပင်သာယာရေးအဖွဲ့ ကွပ်ကဲမှုအောက်ရှိ လင်းခေးမြို့နယ် စည်ပင်သာယာရေးအဖွဲ့က ၂၀၀၄-၂၀၀၅ခု ဘဏ္ဍာရေးနှစ်အတွင်း နိုင်ငံတော်ထောက်ပံ့ငွေဖြင့် မြို့ရေပေးရေးလုပ်ငန်း ဂါလန် ၆၀၀၀၀ ဆံ့ ရေစုကန်အလျား ပေ၅၀၊ အနံပေ ၃၀၊ အမြင့် ၉ပေ ရေစုကန် တည်ဆောက်ခြင်းလုပ်ငန်းကို ရှမ်းပြည်နယ် (တောင်ပိုင်း) စည်ပင်သာယာရေးအဖွဲ့ ဒုတိယအင်ဂျင်နီယာမှူးကြီး ဦးဗျားနိုနှင့်အဖွဲ့က ကွင်းဆင်းစစ်ဆေး ကြီးကြပ်ဆောင်ရွက်ကြသည်။

အလားတူ မိုးနဲမြို့နယ် စည်ပင်သာယာရေးအဖွဲ့က ၂၀၀၄-၂၀၀၅ ခု ဘဏ္ဍာရေးနှစ်အတွင်း နိုင်ငံတော်ထောက်ပံ့ငွေဖြင့် မြို့တွင်းလမ်း၁၃လမ်း အရှည်နှစ်မိုင်၊ အကျယ်၁၂ပေ ကတ္တရာလမ်းခင်းခြင်းလုပ်ငန်းအတွက် လမ်းခင်းကျောက်များ စုဆောင်းရရှိမှုနှင့် အမာခံကျောက်လမ်းခင်းခြင်း လုပ်ငန်းများကို ရှမ်းပြည်နယ် (တောင်ပိုင်း) စည်ပင်သာယာရေးအဖွဲ့ ဒုတိယအင်ဂျင်နီယာမှူးကြီး ဦးဗျားနိုနှင့်အဖွဲ့က ကွင်းဆင်းစစ်ဆေး ကြီးကြပ်ဆောင်ရွက်ကြကြောင်း သိရသည်။

(သတင်းစဉ်)

ဒေးဒရဲတိုးမြစ်အတွင်း ငါးမျိုးစုံစိုက်ထည့်

ဒေးဒရဲ ဇန်နဝါရီ ၂၀

ဧရာဝတီတိုင်း ငါးလုပ်ငန်းဦးစီးဌာနနှင့် ဖျာပုံခရိုင် ငါးလုပ်ငန်းဦးစီးဌာနတို့၏ လမ်းညွှန်ကြီးကြပ်မှုဖြင့် ဒေးဒရဲမြို့နယ် ငါးလုပ်ငန်းဦးစီးဌာနသည် ဖျာပုံခရိုင်အတွင်း တတိယအကြိမ် ငါးမျိုးစုံစိုက်ထည့်ပွဲကို ဒီဇင်ဘာ ၁၅ ရက် နံနက် ၈ နာရီက ဒေးဒရဲမြို့နယ် ကမ်းနားလမ်းဇက်ဆိပ် ဆိပ်ကမ်းမဏ္ဍပ်၌ ကျင်းပသည်။

တိုးမြစ်အတွင်း ငါးမျိုးစိုက်ထည့်ပွဲသို့ ဖျာပုံခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးရဲထွဋ်မို့ **(အပေါ်ပုံ)**၊ ခရိုင်ငါးလုပ်ငန်းဦးစီးမှူး ဦးအေးလွင်၊ ဒေးဒရဲမြို့နယ်ဥက္ကဋ္ဌ ဦးထိန်လင်း၊ မြို့နယ်ငါးလုပ်ငန်းဦးစီးမှူး ဦးသန်းစိန်နှင့် ဌာနဆိုင်ရာများ၊ အသင်းအဖွဲ့များက တိုးမြစ်အတွင်း ငါးမြစ်ချင်းအကောင်ရေ ဆယ်သိန်း၊ ငါးခုံးမကြီးအကောင်ရေ ငါးထောင်၊ တီလားဗီးယားကောင်ရေ ငါးထောင် စုစုပေါင်းကောင်ရေ ဆယ်သိန်းတစ်သောင်းအား မျိုးစိုက်ထည့်ကြကြောင်း သိရသည်။

(မြို့နယ်ပြန်/ဆက်)

ကုန်စည်ပြပွဲနှင့် ဈေးရောင်းပွဲတော် ကျင်းပမည်

ပုသိမ် ဇန်နဝါရီ ၂၁

မန္တလေးတိုင်းနှင့် ဧရာဝတီတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ ခွင့်ပြုချက်၊ သမဝါယမဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်ရုံး၏ ပံ့ပိုးမှုဖြင့် ရန်ကုန်တိုင်း ရွှေခြသေ့သမဝါယမအသင်း လီမိတက်မှ စုစည်း၍ ကုန်စည်ပြပွဲနှင့် ဈေးရောင်းပွဲတော်ကို ပုသိမ်မြို့ ကန်သာယာကွင်း၌ ဖေဖော်ဝါရီ ၉ ရက်မှ ၁၃ ရက်အထိ လည်းကောင်း၊ ဟင်္သာတမြို့ မိုင်ဒါကွင်း၌ ဖေဖော်ဝါရီ၁၆ ရက်မှ ၂၀ ရက်အထိ လည်းကောင်း၊ မိုးကုတ်မြို့ မဏိရတနာခန်းမ၌ မတ်လ ၁ ရက်မှ ၅ ရက်အထိ လည်းကောင်း၊ မန္တလေးမြို့၌ မတ် ၈ ရက် မှ ၁၂ ရက်အထိ ဘုရားကြီး(အရှေ့ကွင်း)တွင်လည်းကောင်း နေ့စဉ် နံနက် ၉ နာရီမှ ည ၉ နာရီအထိ ကျင်းပမည်ဖြစ်သည်။

အဆိုပါ ကုန်စည်ပြပွဲနှင့် ဈေးရောင်းပွဲတော်ကို ထက်လင်းတိုင်းရင်းဆေးဝါးထုတ်လုပ်ရေးမှ အဓိက ပံ့ပိုးကူညီပြီး ထက်လင်းရင်လူးဆေး၊ ထက်လင်းအစာကြေ အသံကြည်ဆေးပြားနှင့် အကြောပြေဒဏ်ကြေ လိမ်းဆေးများကို ဈေးနှုန်းချိုသာစွာဖြင့် ရောင်းချပေးသွားမည်ဖြစ်ပြီး စားသောက်ကုန်များ၊ အလှကုန်များ၊ စိုက်ပျိုးရေးလုပ်ငန်းသုံးပစ္စည်းများ၊ မွေးမြူရေးနှင့် ရေလုပ်ငန်းသုံးပစ္စည်းများ၊ လျှပ်စစ်နှင့် အီလက်ထရွန်းနစ် ပစ္စည်းများ၊ ပလတ်စတစ်နှင့် ဖိုင်ဘာပစ္စည်းများ၊ ဖိနပ်အမျိုးမျိုး၊ ရုံးသုံးကျောင်းသုံး စာရေးကိရိယာများ၊ စက်မှုလက်မှု နည်းပညာဆိုင်ရာပြခန်းများ၊ ပြည်တွင်းဖြစ် တိုင်းရင်းဆေးဝါးနှင့် နိုင်ငံခြားဆေးအမျိုးမျိုး၊ အိမ်အလှဆင် ပစ္စည်းအမျိုးမျိုး၊ အဝတ်အထည်နှင့် ဖက်ရှင်အသုံးအဆောင်ပစ္စည်းအမျိုးမျိုး၊ သမဝါယမအသင်းများမှ ထုတ်လုပ်သောလူသုံးကုန်ပစ္စည်းများကို ပြပွဲလာပြည်သူများအား အထူးဈေးနှုန်းများဖြင့် ရောင်းချပေးမည်ဖြစ်သည်။

အဆိုပါ ကုန်စည်ပြပွဲနှင့် ဈေးရောင်းပွဲတော်၌ ဖျော်ဖြေရေးအစီအစဉ်များ၊ ကုန်ပစ္စည်းသရုပ်ပြ ရှင်းလင်းပွဲများပါရှိရာ မည်သူမဆို အခမဲ့ဝင်ရောက်ကြည့်ရှုဝယ်ယူနိုင်သည်။

ပါဝင်ပြသလိုသော ကုမ္ပဏီများ၊ သမဝါယမအသင်းများ၊ စက်မှုလက်မှုလုပ်ငန်းရှင်များသည် ရန်ကုန်တိုင်း ရွှေခြသေ့သမဝါယမအသင်း လီမိတက် အဆောင်(၂)၊ ပထမထပ် မဟာကျော်ကုန်တိုက် သိမ်ကြီးဈေး(စီ)ရုံ ရွှေတိဂုံဘုရားလမ်း ရန်ကုန်မြို့ ဖုန်း-၃၇၁၈၀၀ (လိုင်းခွဲ)-၃၉၄၊ ၄၀၈၊ ဝ၉-၅၁၀-၇၂၀၅၊ ရုံးချိန်ပြင်ပ ၆၃၆၅၀၉ သို့ ဆက်သွယ်ဆောင်ရွက်နိုင်ကြောင်း သိရသည်။

(က-ပ)

သစ္စာလေးပါး တရားဟောမည်

ခရမ်း ဇန်နဝါရီ ၂၀

ရန်ကုန်မြို့ ခြောက်ထပ်ကြီး ဘုရားကြီးတိုက် ပခုက္ကူကျောင်းမှ သာသနာပြု နယ်လှည့်ဓမ္မကထိက ကမ္မဋ္ဌာနာစရိယ အရှင်နန္ဒဝံသ (သာသနဓဇဓမ္မာစရိယ၊သာသနဇောတိပါလဓမ္မာစရိယ၊ ပရိယတ္တိသဒ္ဓမ္မဟိတဓမ္မာစရိယ ဝိနယဝိဒူ)သည် ပြာသိုလဆန်း ၁၃ ရက်ညတွင် ဝန်လေးဝရွာ ခရမ်းမြို့၊ လပြည့်ကျော် ၃ ရက်မှ ၇ ရက်ထိ ရေလဲလေးရွာ မအူပင်မြို့၊ ၈ ရက်မှ ၁၅ ရက်ထိ အဖွဲ့ခွဲ (၃၆၂) မုံရွာမြို့၊ တပို့တွဲလဆန်း ၂ ရက်မှ ၉ ရက်ထိ ဆင်ပေါင်ဝဲမြို့၊ ၁၂ ရက်မှ လပြည့်ကျော် ၄ ရက်ထိ လေယာဉ်ကွင်းရွာ လပွတ္တာမြို့၊ ၆ ရက်မှ ၁၃ ရက်ထိ သမိန်ထောရွာ ဖျာပုံမြို့၊ ၁၄ ရက်မှ တပေါင်းလဆန်း ၄ ရက်ထိ လက်ခုပ်ကုန်းမြို့တို့တွင် မိုးကုတ်ဆရာတော်ကြီး၏ ဥပနိသာယအတိုင်း သစ္စာလေးပါးတရားတော်များ ဟောကြားမည်ဖြစ်သည်။ (က-ပ)

ရွှေတောင် မြို့မဈေးကြီး သန့်ရှင်းသာယာရေးနှင့် မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်နိုင်ရေးအတွက် ဇန်နဝါရီ ၁၅ ရက်က စည်ပင်သာယာရေးအဖွဲ့ဝန်ထမ်းများ စုပေါင်းသန့်ရှင်းရေးပြုလုပ်ရာ ရေမြောင်းများ တူးဖော်၍ အမှိုက်သရိုက်များဖယ်ရှားခြင်း ဆောင်ရွက်ရာသို့ အမှုဆောင်အရာရှိ ဦးခင်မောင်မြင့်နှင့် တာဝန်ခံ လက်ထောက်အင်ဂျင်နီယာ ဦးကျော်ကျော်ဝင်းတို့က ကြီးကြပ်ဆောင်ရွက်ပေးစဉ်။ (၁၄၃)

မြို့နယ်လုံးကျွတ် ဆွမ်းဆန်စိမ်းလောင်းလှူမည်

လှိုင်သာယာ ဇန်နဝါရီ ၂၁

ရန်ကုန် မြောက်ပိုင်းခရိုင် လှိုင်သာယာမြို့နယ် အမှတ်(၉) ရပ်ကွက် တစ်ဆုပ်ဆွမ်းဆန်လှူ အသင်းကြီးက ကြီးမှူး၍ ပဋ္ဌမအကြိမ်မြောက်နှစ်ပတ်လည် ဆွမ်းဆန်တော် လှူဒါန်းပွဲကို လှိုင်သာယာမြို့နယ် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ စီစဉ်ပံ့ပိုးမှုဖြင့် ဖေဖော်ဝါရီ ၆ ရက် (တနင်္ဂနွေနေ့)တွင် အမှတ်(၉)ရပ်ကွက် ဖားအုံလမ်းရှိ ဗဟိုမဏ္ဍပ်၌ မြို့နယ်အတွင်းရှိ ရပ်ကွက်ပေါင်း ၂၀ နှင့် ကျေးရွာအုပ်စု ကိုးအုပ်စုတို့က ရပ်ကွက်၊ ကျေးရွာ ပြည်သူများစုပေါင်းပါဝင် ကျင်းပမည်ဖြစ်သည်။

ထို့နောက် လှိုင်သာယာမြို့နယ် အတွင်းရှိ ဘုန်းတော်ကြီးကျောင်းပေါင်း ၇၆ ကျောင်းမှ ရဟန်း၊ သာမဏေနှင့် သီလရှင်အပါး ၂၀၀၀ ကျော်တို့အား မြို့နယ်လုံးကျွတ် တစ်ဆုပ်ဆွမ်းဆန်တော်များနှင့် ဆွမ်းဆန်စိမ်း လောင်းလှူကြမည်ဖြစ်ရာ လှူဒါန်းလိုသူများ အမှတ်(၉)ရပ်ကွက် ဖားအုံလမ်းရှိ တစ်ဆုပ်ဆွမ်းဆန်လှူ အသင်းကြီး၏ ဗဟိုမဏ္ဍပ်သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ (၄၉)

မာန်အောင်မြို့နယ် သစ်ပုံကျေးရွာ ကိုယ့်အားကိုယ်ကိုး တက်နေဝန်းစာကြည့်တိုက်ဖွင့်ပွဲကို ဒီဇင်ဘာ ၂၇ ရက်က ကျေးရွာအထက(ခွဲ)တွင် ကျင်းပရာ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဦးသန်းမောင်၊ သစ်ပုံရဲစခန်း စခန်းမှူး ဒုရဲအုပ်မြင့်ခင်နှင့် ကျေးရွာဥက္ကဋ္ဌ ဦးသာညွန့်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြစဉ်။ (မြို့နယ်ပြန်/ဆက်)

မြို့နယ် သတင်းများ

အခြေခံ မီးသတ် သင်တန်းဆင်းပွဲကျင်းပ

စစ်တောင်း ဇန်နဝါရီ ၂၁

အမှတ်(၁) စက်မှုဝန်ကြီးဌာန မြန်မာ့စက္ကူနှင့် ဓာတုဗေဒလုပ်ငန်း စစ်တောင်းအမှတ်(၁) စက္ကူစက်ရုံ၏ စက်ရုံတွင်း အကြိုအခြေခံမီးသတ်သင်တန်း(၁/၂၀၀၄) သင်တန်းဆင်းပွဲကို ဒီဇင်ဘာ ၂၀ ရက် နံနက် ၉ နာရီက ကျင်းပရာ စက်ရုံမှူး ဗိုလ်မှူးပိုက်ထွေးက သင်တန်းဆင်း အမှာစကားပြောကြားသည်။

အခမ်းအနားတွင် သင်တန်းသားများက မီးသတ်သရုပ်ပြ ယှဉ်ပြိုင်ပြသကြသည်။ သင်တန်းတွင် ပထမဆုရ တပ်စုမှူး ဂိုးဒင်းဘဲလ် ခေါင်းဆောင်သောတပ်စု(၁)၊ ဒုတိယဆုရ တပ်စုမှူး တင်ဝင်း ခေါင်းဆောင်သော တပ်စု(၃)နှင့် တတိယဆုရ တပ်စုမှူး စိုးနိုင် ခေါင်းဆောင်သော တပ်စု(၂)တို့အား စက်ရုံမှူး ဗိုလ်မှူးပိုက်ထွေးက ဆုများအသီးသီးချီးမြှင့်သည်။ (က-ပ)

ကဝမြို့နယ်စည်ပင်သာယာရေး အဖွဲ့က ဇင်းဘုကျေးရွာနှင့် ရွှေလှေကျေးရွာ ချင်းဆက် မြေသားလမ်း ဖောက်လုပ်နေမှုကို ဒီဇင်ဘာ ၃၀ ရက်က ကဝမြို့နယ် ဥက္ကဋ္ဌ ဦးစိုင်မောင်လှနှင့် မြို့နယ်စည်ပင်သာယာရေးအမှုဆောင်အရာရှိ ဦးတင်ရှိန်တို့ ကြည့်ရှုစစ်ဆေးရာ မြို့နယ်အင်ဂျင်နီယာ ဦးရဲလွင် ရှင်းလင်းပြသစဉ်။(၃၇၀)

သန့်ရှင်းလတ်ဆတ်မှုစစ်ဆေး

မြင်းခြံ ဇန်နဝါရီ ၁၂

မြင်းခြံမြို့နယ် စည်ပင်သာယာရေးအဖွဲ့ပိုင် အေးမြသီတာဈေးအတွင်း ရောင်းချလျက်ရှိသော သားငါးနှင့် ဟင်းသီးဟင်းရွက်များ စားသုံးသူတို့ အန္တရာယ်ကင်းစွာ စားသုံးနိုင်ရန်အတွက် သန့်ရှင်းလတ်ဆတ်မှု ရှိ၊ မရှိကို ဒုတိယဦးစီးမှူး(ဈေး) ဦးဝင်းနိုင်ဦးနှင့် တာဝန်ရှိသူများ၊ ဈေးတာဝန်ခံအဆင့်(၄) ဦးကျော်ဌေးမင်း လိုက်ပါလျက် ဒီဇင်ဘာ ၁၂ ရက်က ရောင်းချမှုများကို စစ်ဆေးခဲ့ကြသည်။

(ခရိုင်ပြန်/ဆက်)

ကျောက်တံခါးမြို့နယ် ပဲနွယ်ကုန်းမြို့ တိုက်နယ်ပြည်သူ့ဆေးရုံဝင်းအတွင်းရှိ ယာဉ်သွားလမ်းအရှည် ၅၂၅ ပေ၊ လူသွားလမ်းအရှည် ၂၈၅ ပေကို အလှူရှင်များ စုပေါင်း၍ငွေကျပ် ၁၂၀၇၁၀၀ ကုန်ကျခံ ဆောင်ရွက်ခဲ့သည့် ကွန်ကရစ်လမ်းဖွင့်ပွဲကို ဇန်နဝါရီ ၁ ရက်က ဆေးရုံရှေ့မုခ်ဦး၌ ကျင်းပရာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးဇော်ဝင်းနှင့် ဒေါက်တာဦးရွှေပြည်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်စဉ်။

(မြို့နယ်ပြန်/ဆက်)

ကျေးလက် တစ်ခွင် ဖွံ့ဖြိုး စည်ပင်

စတုတ္ထအကြိမ်မြောက် မြန်မာ့သတင်းအချက်အလက်နှင့် ဆက်သွယ်ရေး နည်းပညာဆိုင်ရာ ရက်သတ္တပတ် -၂၀၀၅ ကျင်းပရေး ဦးစီးကော်မတီဥက္ကဋ္ဌ၊ ဆက်သွယ်ရေး၊ စာတိုက်နှင့် ကြေးနန်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းဇော်နှင့် မွေးမြူရေးနှင့် ရေလုပ်ငန်း ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်မောင်မောင်သိမ်းတို့ စတုတ္ထအကြိမ်မြောက် မြန်မာ့သတင်းအချက်အလက်နှင့် ဆက်သွယ်ရေး နည်းပညာဆိုင်ရာ ရက်သတ္တပတ် -၂၀၀၅ (MICT Week-2005) အကြိုခင်းကျင်းပြသထားမှုများကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းဇော်နှင့် ဝန်ကြီး ဗိုလ်မှူးချုပ်မောင်မောင်သိမ်း MICT Week-2005 ပြခန်းများ အကြိုခင်းကျင်းပြသမှု ကြည့်ရှုစစ်ဆေး

ရန်ကုန် ဇန်နဝါရီ ၂၁

စတုတ္ထအကြိမ်မြောက် မြန်မာ့သတင်းအချက်အလက်နှင့် ဆက်သွယ်ရေး နည်းပညာဆိုင်ရာ ရက်သတ္တပတ်-၂၀၀၅ ကျင်းပရေးဦးစီးကော်မတီ ဥက္ကဋ္ဌ၊ ဆက်သွယ်ရေး၊ စာတိုက်နှင့် ကြေးနန်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းဇော်နှင့် မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်မောင်မောင်သိမ်းတို့သည် ကျင်းပရေးဦးစီးကော်မတီ ဒုတိယဥက္ကဋ္ဌများဖြစ်ကြသည့် ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်သိန်းထွန်း၊ ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့-အဖွဲ့ဝင် ဦးအောင်မြင့်နှင့် တာဝန်ရှိသူများ လိုက်ပါလျက် ယနေ့ မွန်းလွဲ ၁၂ နာရီ ၁၅ မိနစ်တွင် လှိုင်မြို့နယ် လှိုင်တက္ကသိုလ်နယ်မြေရှိ မြန်မာ့သတင်းအချက်အလက်နှင့် ဆက်သွယ်ရေး နည်းပညာဖွံ့ဖြိုးတိုးတက်ရေးအဆောက်အအုံ (MICT Park) သို့ရောက်ရှိကြပြီး စတုတ္ထအကြိမ်မြောက် မြန်မာ့သတင်းအချက်အလက်နှင့် ဆက်သွယ်ရေးနည်းပညာဆိုင်ရာ ရက်သတ္တပတ်-၂၀၀၅ (MICT Week -2005) အကြိုခင်းကျင်းပြသထားမှုများကို ကြည့်ရှုစစ်ဆေးကြရာ ကျင်းပရေးဦးစီးကော်မတီအဖွဲ့ဝင် MICTDC ဒါရိုက်တာအဖွဲ့မှ တာဝန်ရှိသူများက လိုက်လံရှင်းလင်းပြသကြသည်။ (သတင်းစဉ်)

ပဲခူးတိုင်း ဝေါမြို့နယ် အင်းတိုင်စု ပြွန်ချောင်ကျေးရွာအနီး တည်ဆောက်လျက်ရှိသော မိုးယွန်းကြီးရေထိန်းတံခါးတည်ဆောက်မှုစီမံကိန်းတွင် ပိုင်တိုင်များ ရိုက်သွင်းနေသည်ကို တွေ့ရစဉ်။ (ဓာတ်ပုံ-၄၅၅)

ပဲခူးတိုင်း ဝေါမြို့နယ်တွင် မိုးယွန်းကြီးရေထိန်းတံခါးတည်ဆောက် ဧက ၄၀၀၀၀ကျော် မိုးစပါး၊ နွေစပါးနှင့် သီးနှံများ တိုးချဲ့စိုက်နိုင်မည်

ရန်ကုန် ဇန်နဝါရီ ၂၁

နိုင်ငံတော်အစိုးရသည် စိုက်ပျိုးရေးကဏ္ဍ တိုးတက်ဖြစ်ထွန်းရေးကို အမျိုးသားရေး ဦးတည်ချက်တစ်ရပ်အဖြစ် သတ်မှတ်ပြီး အကောင်အထည်ဖော် ကြိုးပမ်းလျက်ရှိသည်။ ပင်ကိုအားဖြင့် ရေခံမြေခံ ကောင်းမွန်ပြီး စိုက်ပျိုးရေးဖြစ်ထွန်းသော ဒေသများတွင် ဆည်တာမံရေထိန်းတံခါး တည်ဆောက်ရေး လုပ်ငန်းများ၊ သီးနှံစိုက်ခွင်းအား မြှင့်တင်ပေးနိုင်မည့် အစီအမံများ၊ ခေတ်မီစိုက်ပျိုးရေး အတတ်ပညာများဖြင့် အားပေးကူညီ တည်ဆောက်ဖြည့်ဆည်းပေးလျက်ရှိသည်။

မိုးယွန်းကြီးရေထိန်းတံခါးစီမံကိန်း

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနသည် လယ်ယာမြေများကို မိုးတွင်းကာလ ရေကြီးနစ်မြုပ်မှုမှကာကွယ်ရန်၊ ရေနက်ကွင်းလယ်ယာမြေသစ်များ ဖော်ထုတ်နိုင်ရန်နှင့် မိုးစပါး၊ နွေစပါး စိုက်ပျိုးနိုင်ရန်ဟူသော ရည်ရွယ်ချက်များဖြင့် ပဲခူးတိုင်း ဝေါမြို့နယ် အင်းတိုင်စုနှင့် ပြွန်ချောင်ကျေးရွာ အနီးတွင် မိုးယွန်းကြီးရေထိန်းတံခါးစီမံကိန်းကို အကောင်အထည်ဖော် တည်ဆောက်လျက်ရှိသည်။

စာမျက်နှာ ၁၀ ကော်လံ ၁ သို့ ●

ဧရာဝတီတိုင်း မြန်အောင်မြို့နယ် ငပီဆိပ် လျှပ်စစ်မြစ်ရေတင်စီမံကိန်း ရေငြိမ်ကန် ဆောင်ရွက်ပြီးစီးမှု အခြေအနေကို တွေ့ရစဉ်။ (သတင်း၊ စာမျက်နှာ-၇) (ဓာတ်ပုံ-၁၈၆)

ခေါင်းကြီး ဆောင်းပါး အညွှန်း

* **နိုင်ငံတော်ကတည်ဆောက်၊ ဖောက်လုပ်ပေးထားသည့် လမ်းသစ်၊ တံတားသစ်ကြီးများကို အသုံးပြု၍ တိုင်းရင်းသားပြည်သူများ လွယ်လင့်တကူကူးသန်းဆက်သွယ်သွားလာနိုင်ကြပြီဖြစ်သည်။ လမ်းပန်းဆက်သွယ်မှု လုံခြုံချောမွေ့မြန်ဆန်လာသည်နှင့်အမျှ ဒေသတွင်းစီးပွားရေးဖွံ့ဖြိုးတိုးတက်ပြီး တိုင်းရင်းသားအချင်းချင်း ဆက်သွယ်မှု၊ ချစ်ကြည်ရင်းနှီးမှုများ ပိုမိုရရှိလာမည်ဖြစ်သည်။**
ခေါင်းကြီး (စာမျက်နှာ-၂)

* **တိုင်းရင်းသားစီးပွားရေးလုပ်ငန်းရှင်တွေဆိုတာ ဒီခေတ်ကျမှ နိုင်ငံတော်က အားပေးချီးမြှောက်ခဲ့လို့ ကြီးပွားဖြစ်ထွန်းလာခဲ့ကြတာမို့ နိုင်ငံ့အကျိုး၊ ပြည်သူ့အကျိုးကိုသာကြည့်ရမှာပေါ့"**
ဟိန်းမြင့်ဇော် (ဆောင်းပါး) (စာမျက်နှာ-၆)